# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ သောကြာနေ့ အတွဲ(၆၅)၊ အမှတ်(၃၂၇)



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေး ကောင်စီအတွင်းရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် Mr. Chatchai Bangchuad ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညွှန့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေး ကောင်စီ အတွင်းရေးမှူးချုပ်နှင့်အတူ ဒုတိယ အတွင်းရေးမှူးချုပ်၊ ထိုင်းဘုရင့်

စာမျက်နှာ ၃ ကော်လံ ၁ ❖



လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် Mr. Chatchai Bangchuad ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ရောင်းချပေးမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
သတင်းကြေညာချက်
၂၀၂၆-ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်

၁။ ၂၀၂၇-ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ တစ်စောင်လျှင် (၅၀၀ိ/-)နှင့် စာမေးပွဲ ဝင်ကြေးအတွက်(၂၀၀ိ/-) တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင်၂၀၂၆ ခုနှစ် စက်တင်ဘာလ(၁)ရက်နေ့မှစ၍ ရောင်းချပေးမည် ဖြစ်ပါသည်။


စာမျက်နှာ ၃ ကော်လံ ၅ ✪

## မုတ်သုံလေ အားကောင်းနိုင်ခြင်းကြောင့် ဩဂုတ် ၃၁ ရက်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် အချို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၇

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ နံနက်မှ ဩဂုတ် ၃၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊

စာမျက်နှာ ၃ ကော်လံ ၁ ❑




ယနေ့ ဖတ်စရာ

ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၏ဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ် — ပြည်တွင်းသတင်း ➢ ၃

PRI-FLOWS နဲ့ ကာကွယ်မယ်၊ မိမိကိုယ်ရေး အချက်အလက်ကိုကွယ် — ဆောင်းပါး ➢ ၆

ဝေနံတာတမံနိမ့်ကျမှုအပေါ် ရေတိုက်စားမှု ကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ ကာကွယ်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက် လျက်ရှိ — ပြည်တွင်းသတင်း ➢ ၇

မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း — ပြည်တွင်းသတင်း ➢ ၁၁




## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❍

## ၆၆ ကေဗွီ ပုသိမ် ငရုတ်ကောင်းတောင်-(ကံကုန်း)ဓာတ်အားလိုင်း ဓာတ်အားပြတ်တောက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးပန်ကြားချက်

နေပြည်တော် ဩဂုတ် ၂၇

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မဟာဓာတ်အားလိုင်းမှူးရုံး (ရေကြည်) မှ တာဝန်ယူထိန်းသိမ်းသည့် ၆၆ ကေဗွီ ပုသိမ် ငရုတ်ကောင်းတောင်-(ကံကုန်း)ဓာတ်အားလိုင်းသည် ဩဂုတ် ၂၆ ရက် ညနေ ၅ နာရီ ၄၈မိနစ်တွင် ဓာတ်အားလိုင်း အပြစ်ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ဓာတ်အားလိုင်းပြတ်တောက်မှုကြောင့် ငရုတ်ကောင်းမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တို့တွင် ယာယီဓာတ်အားပြတ်တောက်လျက်ရှိကြောင်းနှင့် ဓာတ်အားလိုင်းအပြစ်ဖြစ်ပေါ်မှုအား မဟာဓာတ်အားလိုင်းမှူးရုံး(ရေကြည်)မှ ဝန်ထမ်းများက ဓာတ်အားလိုင်းစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသအတွင်းရှိ ပြည်သူလူထုမှလည်း အဆိုပါ ဓာတ်အားလိုင်းနှင့်ပတ်သက်၍ ထူးခြားမှုတစ်စုံတစ်ရာသိရှိပါက နီးစပ်ရာလျှပ်စစ်ရုံးများသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။**သတင်းစဉ်**

## ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၁၈ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် )

**ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၅ / ၂၀၂၆)သည် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၂ အရ သတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

❖ *ရှေ့ဖုံးမှ*

တပ်မတော် ဒုတိယစစ်ဦးစီးချုပ်နှင့် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင်(၉)ကြိမ်မြောက် ထိုင်း-မြန်မာတပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ ကော်မတီ (9th High Level Committee -9th HLC) အစည်းအဝေးကို ထိုင်းနိုင်ငံတွင် အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ် အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆိုင်ရာများကို အောင်မြင်စွာ ဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ထိရောက်စွာ တားဆီးနှိမ်နင်းနေသည့် အခြေအနေများ၊ အွန်လိုင်းလိမ်လည်မှုတွင် ပါဝင်ပတ်သက်သူများ၏ ၉၉ ရာခိုင်နှုန်းကျော်သည် တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူများဖြစ်၍ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်ကာ တားဆီး ဆောင်ရွက်သွားမည့် အခြေအနေများ၊ လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင် သယ်ဆောင် ရောင်းဝယ်ဖောက်ကားမှု တားဆီးထိန်းချုပ်ရေး ဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသနေ ပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ အပြန်အလှန် ပေးပို့ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲ အပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ရောင်းချပေးမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**သတင်းကြေညာချက်**

**၂၀၂၆-ခုနှစ်၊ဩဂုတ်လ(၂၈)ရက်**

၁။ ၂၀၂၇-ခုနှစ်တွင် ကျင်းပမည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ၂၀၂၇-ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ တစ်စောင်လျှင် (၅၀၀ိ/-)နှင့် စာမေးပွဲဝင်ကြေးအတွက် (၂၀၀၀ိ/-)တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ( ၁ )ရက် နေ့မှစ၍ ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာတင်သွင်းရာ၌ အပြာရောင်ဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားပုံစံ၌ ဖြေဆိုမည့် ဘာသာတွဲကို ရွေးချယ်ဖော်ပြရမည်ဖြစ်ပါသည်။

၄။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများမှ စာမေးပွဲဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး(၂၀၀၀ိ/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီးလျှောက်လွှာ တစ်စောင်ချင်းတွင်ကပ်၍ မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ (၃၀)ရက်နေ့ အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၅။ သတ်မှတ်ရက်အတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက်ပုံစံများမှန်ကန်မှု ရှိ-မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၆။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင်လာရောက်ဝယ်ယူနိုင်ပါသည်။ **မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

❑ *ရှေ့ဖုံးမှ*

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။

**မိုး/ဇလ**

❂ *ရှေ့ဖုံးမှ*

၃။ စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတင်သွင်းရာ၌ ဖြေဆိုမည့် ဘာသာတွဲအလိုက် အစိမ်းရောင်၊ ပန်းရောင် ဖြေဆိုခွင့်လျှောက်လွှာကတ်ပြားပုံစံဖြင့် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။

၄။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေး(၂၀၀၀ိ/-)တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့အမှန်တကယ် နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၅။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများ၊ တွဲဖက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး(၂၀၀၀ိ/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီးမြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀) ရက်နေ့အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများမှန်ကန်မှု ရှိ-မရှိ သေချာစွာ စစ်ဆေးပြီး မှန်ကန်စွာဖြည့်စွက် ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၇။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)၊ ပါရမီလမ်း၊ (၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

❍ *ရှေ့ဖုံးမှ*

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေသဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်း၊ ကမ်းရင်းတာ (Bund Slope) တည်ဆောက်ခြင်းနှင့် ယာယီ ပန်းတာ၏ မြစ်ဘက် Slope အခြေထောက်ခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများနှင့်ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများနှင့်ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး သည် ယနေ့မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများနှင့် ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များအား စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ နည်းပြများနှင့် ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

**စံနမူနာပြဖြစ်ရန် အမြဲတမ်းကြိုးစား**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများအနေဖြင့် လုံခြုံရေးအရ အရေးကြုံချိန်တွင် တပ်မတော်သားပီသစွာဖြင့် လုပ်ငန်းတာဝန်မခွဲခြားဘဲ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းဆောင်ခဲ့၍ အလေးထား အသိအမှတ်ပြုပါကြောင်း၊ ထို့အပြင် ပြင်ဦးလွင်သည် ရာသီဥတုအရ၊ နယ်မြေအရ တပ်မတော်၏ လေ့ကျင့်ရေးဘူမိနက်သန် ဖြစ်သည့်အတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများတွင် စံနမူနာပြဖြစ်ရန် အမြဲတမ်းကြိုးစားဆောင်ရွက်နေရန် လိုကြောင်း။

တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ၁၉၈၈ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် မြေပေါ်မြေအောက် အဖျက်သမားတို့၏ တိုင်းပြည်ဆူပူအုံကြွစေမှုနှင့် မင်းမဲ့စရိုက်ဆန်သောလုပ်ရပ်များကြောင့် ဆိုးရွားစွာဖြင့် တိုင်းပြည်ပြိုကွဲမည့်အခြေအနေတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို အပြည့်အဝ အချိန်မီတာဝန်ယူခဲ့ရကြောင်း၊ ထိုသို့ ကာကွယ်စောင့်ရှောက်နိုင်ရန်မှာ တပ်မတော်အနေဖြင့် စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်နေရန် အရေးကြီးကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကိုကာကွယ်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်တွင် လေ့ကျင့်ရေးမူဝါဒအဖြစ် ချမှတ်ခဲ့သည့် **ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်** စသည့် အချက် ၃ ချက်ကို ခေါင်းဆောင်များ မွေးထုတ်ပေးသည့် တက္ကသိုလ်များနှင့် လေ့ကျင့်ရေးကျောင်းများအနေဖြင့် စနစ်တကျ လေ့ကျင့်ပေးနေရန်လိုကြောင်း။

စစ်တက္ကသိုလ်သည် လေ့ကျင့်ရေးနှင့်ပတ်သက်ပြီး လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် အရာရှိများ မွေးထုတ်ပေးရန်ဖြစ်ပြီး ၎င်း၏အဓိကတာဝန်မှာ စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များ မွေးထုတ်ပေးခြင်းဖြစ်ကြောင်း၊ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့သည် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အသီးသီးရှိသော်လည်း အရည်အချင်းရှိသူများအား မွေးထုတ်ပေးသည့် တက္ကသိုလ်များဖြစ်ကြောင်း၊ အရာရှိကောင်းများဖြစ်စေရန် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်ပါ ပြည့်ဝရန်လိုအပ်ပြီး Training နှင့်ပတ်သက်ပြီး အလေးထား လုပ်ဆောင်ရန် လိုအပ်ကြောင်း။

စစ်ခေါင်းဆောင်များသည် စဉ်းစားဆင်ခြင်တုံတရားနှင့် သတ္တိရှိရှိ၊ တည်ငြိမ်စွာဖြင့် မှန်ကန်သောဆုံးဖြတ်ချက်ချမှတ်နိုင်သည့် စစ်ခေါင်းဆောင်များဖြစ်ရန်လိုပြီး လေ့ကျင့်ရေးအပိုင်းနှင့် ပတ်သက်လျှင် ပေါ့ပေါ့တန်တန် မလုပ်ရန်လိုကြောင်း၊ လက်ရုံးရည်၊ နှလုံးရည်နှင့် စဉ်းစားဆုံးဖြတ်နိုင်သည့် အတွေးအခေါ်ကြံ့စည်နိုင်သူများဖြစ်ရန် လိုအပ်ကြောင်း။

နည်းပြများသည် သင်တန်းသားများ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်အောင် ထိန်းကျောင်းလေ့ကျင့်သင်ကြားပေးရမည့် တာဝန်ရှိကြောင်း၊ အရည်အချင်းပြည့်ဝသည့် သင်တန်းသားများ ပေါ်ထွက်လာစေရန်အတွက် နည်းပြများသည် အရည်အချင်း ပြည့်ဝရမည်ဖြစ်ပြီး လေ့ကျင့်ပေးသူများ၏ အရည်အချင်းပေါ်မူတည်၍ လေ့ကျင့်ခံရသူများ၏ အရည်အသွေးများပြောင်းလဲမည်ကို သတိပြုရန်လိုကြောင်း၊ နည်းပြကောင်းတစ်ဦးရရန် ချက်ချင်းလုပ်ယူ၍မရဘဲ အတွေ့အကြုံရှိရန် လိုအပ်သကဲ့သို့ စာပေပညာဖြစ်စေ၊ စစ်ပညာဖြစ်စေ နည်းပြများ၏ အတွေ့အကြုံရှိမှုသည် အရေးကြီးကြောင်း၊ နှလုံးရည်ပြည့်ဝသည့် အရာရှိများဖြစ်အောင် စာပေပညာပိုင်းကလည်း အရည်အချင်းပြည့်ဝအောင်သင်ပေးရသကဲ့သို့ လေ့ကျင့်ရေးပညာပိုင်းတွင်လည်း တပ်စုမှူးတာဝန် ထမ်းဆောင်နိုင်သည့်အဆင့်ထိ သင်ကြားပေးရမည်ဖြစ်ကြောင်း။

**တာဝန်များကို အောင်မြင်စွာထမ်းဆောင်**

**ချွေးထွက်များမှ သွေးထွက်နည်းမည်** ဆိုသည့် ဆောင်ပုဒ်အတိုင်း လေ့ကျင့်ကြရမည်ဖြစ်ပြီး စစ်သားတစ်ယောက်ဖြစ်သည့်အတွက် ခန္ဓာကိုယ်ကြံ့ခိုင်ရန် လေ့ကျင့်ရေးပိုင်းအား စနစ်တကျ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးသည့် စာပေပညာ၊ စစ်ပညာတို့ကို မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်မှသာလျှင် သင်တန်းဆင်းပြီးနောက်ပိုင်း လက်တွေ့တာဝန်ထမ်းဆောင်ရာ၌ မိမိတာဝန်ယူထားသည့် တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဗိုလ်လောင်းများအား ညီအရင်းသဖွယ် ကြည့်ရှုစောင့်ရှောက်ရန်၊ အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးရန်နှင့် လမ်းမှားမရောက်ရှိစေရေး မှန်ကန်သည့်နည်းလမ်းများအား ရွေးချယ်ဆုံးဖြတ်တတ်စေရေး လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း။

မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ခြေလျင်တပ်ကဲ့သို့ တိုက်ပွဲဝင်နိုင်အောင် မိမိဘက်က အသင့်ဖြစ်ရန်လိုကြောင်း၊ ထို့အပြင် ခံ၊ ခွာ၊ ချီ၊ တိုက် ဥပဒေသများ၊ စစ်အခြေခံသဘောတရားများသည် ပြောင်းလဲမှုမရှိဘဲ ၎င်းပေါ်တွင် အခြေခံ၍ စစ်အတတ်ပညာများ ပြောင်းလဲနေခြင်းဖြစ်ပြီး စစ်မြေပြင် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမည်ဖြစ်ကြောင်း၊ ပြောင်းလဲနေသည့် စစ်ပညာရပ်များနှင့် တိုးတက်လာသည့် နည်းပညာများအား အမြဲတမ်းလေ့လာနေရမည်ဖြစ်ပြီး ပြောင်းလဲမှုများအား အံဝင်ခွင်ကျဖြစ်အောင် လေ့ကျင့်၍ ဥပဒေသများအား လိုက်နာရန် လိုအပ်ကြောင်း၊ လေ့ကျင့်ရေးကျောင်းများတွင် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသည့် ဆောင်ပုဒ်ရှိပြီးဖြစ်၍ ယူနီဖောင်းဝတ်ဆင်ထားသည့် ကာလတစ်လျှောက်လုံးတွင် ၎င်းအချက် ၃ ချက်အား အမြဲတမ်းလိုက်နာ ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးပိုင်းတွင် ညီညွတ်မျှတစွာဖြင့် ကျောသား၊ ရင်သားမခွဲခြားဘဲ မျှမျှတတ ကွပ်ကဲအုပ်ချုပ်ရန်လိုပြီး ကွက်ကျားမိုးရွာ၍ မရကြောင်း၊ တတ်နိုင်သမျှ လူမှန်နေရာမှန် တာဝန်ပေးရန် လိုအပ်ပြီး အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နည်းပြများသည် မိဘကိုယ်စားဖြစ်ပြီး ဒုတိယမိဘများပင်ဖြစ်ကြောင်း၊ မိဘများကိုယ်စား ထိန်းကျောင်းပေးနိုင်ရေး စေတနာထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**စိတ်ဓာတ်ကောင်းရန်လည်းလို**

တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့် တပ်နေပျော်ရေးအတွက် တပ်မှူးများ၊ အရာရှိများသည် လက်အောက်နှင့်အမြဲထိတွေ့နေရန် လိုကြောင်း၊ မိသားစုများ တပ်တွင်း၌ လိုက်ပါနေထိုင်ကြပြီး မိသားစုအရိပ်အမြုံတစ်ခုကို တည်ဆောက်ရာတွင် သား/သမီးချင်း၊ နှမသားချင်းစာနာသည့် စိတ်များဖြင့် ခိုင်မာအောင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် တပ်တည်ဆောက်ရေးအပိုင်းတွင် စိတ်ဓာတ်ကောင်းရန်လည်းလိုအပ်ပြီး တပ်နေပျော်သည်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကောင်းမွန်လာမည်ဖြစ်ကြောင်း။

စည်းကမ်းပိုင်းဆိုင်ရာများအနေဖြင့် အမိန့်နှင့်ညွှန်ကြားချက်များသည် စည်းကမ်းစနစ်တကျ ရှိစေရန်အတွက် ထုတ်ပြန်ထားခြင်းဖြစ်ပြီး စစ်စည်းကမ်းပိုင်းဆိုင်ရာများတွင် လိုက်နာမှုမရှိပါက တပ်တွင်းစည်းလုံးညီညွတ်မှုကို ထိခိုက်လာနိုင်မည်ဖြစ်ကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်သောကြောင့် စည်းကမ်းကောင်းလျှင် တပ်မတော်သားကောင်းတစ်ဦးဖြစ်လာမည်ဖြစ်ပြီး တပ်မတော်သားကောင်းများပေါင်းလျှင် စည်းကမ်းရှိသော တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း၊ စည်းကမ်းတကျနေတတ်သည့်အကျင့်များကို ဗိုလ်လောင်းဘဝမှစတင်၍ လေ့ကျင့်ရန်လိုအပ်ပြီး ရောင့်ရဲတင်းတိမ်နိုင်သည့်စိတ်ဖြင့် လုပ်ငန်းတာဝန်ကို ကျေပွန်လိုစိတ်ဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း။

ခေါင်းဆောင်မှုဆိုင်ရာအနေဖြင့် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့နှင့် ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့် ခေါင်းဆောင်တစ်ဦးဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိကွပ်ကဲမှုအောက်ရှိ အရာရှိ၊ စစ်သည်များအား ညီညွတ်မျှတမှုရှိသည့် ခေါင်းဆောင်မှုပေးအပ်ရန် လိုအပ်ပြီး မိမိကိုယ်တိုင်အနေဖြင့်လည်း အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရန် လိုအပ်ကြောင်း၊ ခေါင်းဆောင်သည့်သူများမှ အတ္တစိတ်ဖြင့် တာဝန်ထမ်းဆောင်ပါက လက်အောက်ငယ်သားများ၏ ယုံကြည်မှုကို ရရှိနိုင်မည်မဟုတ်ကြောင်း။

**တတ်နိုင်သမျှ ဖြည့်ဆည်းပေးရန်လို**

မိမိတပ်၏ မြေပြင်အခြေအနေမှန်ကို သိအောင် ဆောင်ရွက်ရန်လိုပြီး လက်အောက်စစ်သည်မိသားစုများ၏ စိတ်ဓာတ်ရေးရာ၊ လူနေမှုဘဝ အခြေအနေများကိုသိအောင် ဆောင်ရွက်၍ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးရန်လိုကြောင်း၊ စစ်သည်၊ မိသားစုများ၏ ဗဟုသုတကြွယ်ဝစေရန် စာအုပ်၊ စာပေများ ဖတ်စေလိုပြီး ဗိုလ်လောင်းဘဝမှစကာ တတ်စွမ်းသမျှ မိမိကိုယ်ကို ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း၊ ဘွဲ့လွန်သင်တန်းများဖြစ်သော မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းနှင့် ဘာသာစကားသင်တန်းများအနေဖြင့်လည်း အချိန်၊ ငွေ၊ လုပ်အားများ များစွာရင်းနှီးမြှုပ်နှံထားသည့်အတွက် ကြိုးစားအားထုတ်ကြရန်နှင့် စည်းကမ်းနှင့်အညီ နေထိုင်သွားကြရန် မှာကြားလိုကြောင်း။

ကျန်းမာကြံ့ခိုင်ရေးနှင့်ပတ်သက်၍ အသက်အရွယ်အလိုက် သင့်လျော်သည့် အားကစားများကိုလုပ်ဆောင်နေရန်လိုကြောင်း၊ အားကစားဆိုသည်မှာ စနစ်တကျ လုပ်ဆောင်ပါက တပ်မတော်စိတ်ဓာတ်ရေးရာ မြင့်မားရေးတွင် များစွာအထောက်အကူရသည်ဖြစ်၍ စနစ်တကျ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ကိုယ်ခန္ဓာနှင့်စိတ်ဓာတ်ကိုပါ ကျန်းမာကြံ့ခိုင်စေသည့် အားကစားပြိုင်ပွဲများကို အကျိုးရှိရှိ လိုက်ပါလုပ်ဆောင်ရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် နည်းပြများ၊ ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးနှင့် ကာတာသံရုံး ယာယီတာဝန်ခံတို့ကို သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်နှင့် ကာတာသံရုံး ယာယီတာဝန်ခံ မစ္စတာ အဗ္ဗဒူလာဇစ် ယူစွတ် အေ.ဂျေ.အယ်လ် - အလီတို့ကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံဆက်ဆံရေးနှင့် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရန် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ကာတာသံရုံးယာယီတာဝန်ခံနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းလာစေရေး ဆောင်ရွက်သွားရန် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်အား လက်ခံတွေ့ဆုံစဉ်။




# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပညာရေးဝန်ကြီးဌာနသို့ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်စာအုပ်များနှင့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၂၇**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ပညာရေး ဝန်ကြီးဌာနသို့ ဖြောင့်မတ် တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင် စာအုပ်များနှင့် တက္ကသိုလ် အဆင့် ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်ထံသို့ ဖြောင့်မတ် တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်စာအုပ်များနှင့် တက္ကသိုလ်အဆင့် ရည်ညွှန်း စာစောင်များ စုစုပေါင်း ၆၇၆၅၀ ကို လွှဲပြောင်းပေးအပ်ရာ **(အပေါ်ပုံ)** ပြည်ထောင်စု ဝန်ကြီးက ကော်မရှင်ဥက္ကဋ္ဌထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက ဖြောင့်မတ် တည်ကြည်မှုရှိသည့် အပြုအမူ၊ အနေအထိုင်၊ အပြောအဆို၊ အလုပ်အကိုင်နှင့် စဉ်းစားတွေးခေါ်မှုများကို ငယ်စဉ်ကတည်းက စွဲမြဲစွာပြုမူနေထိုင်နိုင်စေရန် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးရမည် ဖြစ်ပါကြောင်း၊ ထိုသို့လေ့ကျင့်ပျိုးထောင်ရန်အကောင်းဆုံးနှင့် အသင့်တော်ဆုံးနေရာမှာ စာသင်ကျောင်းများသာဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ပညာရေးကဏ္ဍတွင် လေ့လာကိုးကားနိုင်ရန် ရည်ရွယ်၍ ထိုင်းနိုင်ငံ၊ အမျိုးသား အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း ဘာသာရပ် သင်ရိုးညွှန်းတမ်းများနှင့် UNODC (United Nations Office on Drugs and Crime) ၏ E4J (Education for Justice) မှ ပြုစုထားသည့် Module များကို တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များအဖြစ် ပြုစုထုတ်ဝေခဲ့ပါကြောင်း၊ ယခုတစ်ကြိမ် အောက်ခြေ အခြေခံကျောင်းများအထိ ဖြန့်ဝေနိုင်ရန် ထပ်မံလွှဲပြောင်းပေးအပ်ခြင်း ဖြစ်ပါကြောင်း၊ လူငယ်အသိပညာပေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ဆက်လက် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် ကော်မရှင်မှ ပြုစုထားသည့် သင်ခန်းစာများကို သင်ရိုးညွှန်းတမ်းများတွင် လိုအပ်သလို ဖြည့်စွက်ထည့်သွင်း ရေးဆွဲသင်ကြား ဆွေးနွေးပေးနိုင်ပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သော ပြည်သူများအတွက် ငွေကျပ်သိန်းပေါင်း ၃၁၀၀၀ ခန့် ထောက်ပံ့ထားရှိ

**ကျောင်းကုန်း ဩဂုတ် ၂၇**

ယခုနှစ် ဇူလိုင်လကုန်ပိုင်းမှစ၍ နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သော ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ထောက်ပံ့ထားရှိမှုမှာ ငွေကျပ်သိန်းပေါင်း ၃၁၀၀၀ ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

အလားတူ ဧဝန်တာ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝင်နစ်မြုပ်မှုများ ဖြစ်ပွားလျက်ရှိသော ရေကြည်မြို့နယ် ရေကြည်မြို့ အားကစားရုံ၊ သဃ်န်းဒေါင့်ဘုန်းကြီးကျောင်းတို့ရှိ ရေဘေးရှောင်စခန်းများသို့ ယမန်နေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးပြီး အိမ်ထောင်စု ၁၉၂ စု၊ လူဦးရေ ၅၈၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေ၊ ကြက်ဥ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် ရေဘေးသင့်ပြည်သူများအနက်မှ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ အသက် ၅ နှစ်အောက် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူ စသည်ဖြင့် ထိခိုက်လွယ်လူဦးရေ ၈၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀နှုန်းဖြင့် ထောက်ပံ့ငွေများပေးအပ်ပြီး စုစုပေါင်းငွေကျပ် ၇၃ ဒသမ ၂ သိန်း ထောက်ပံ့နိုင်ခဲ့သည်။

ဆက်လက်၍ ကျောင်းကုန်းမြို့ရှိ မြို့ပေါက်ဆိပ်ဘုန်းကြီးကျောင်း၊ ရတနာပုံဘုန်းကြီးကျောင်းနှင့် ဥယျာဉ်ကြီးဘုန်းတော်ကြီးကျောင်းများရှိ ရေဘေးရှောင်စခန်းများ၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ ရေများကျဆင်း၍ နေအိမ်သန့်ရှင်းရေးဆောင်ရွက်ရာတွင် တစ်ကိုယ်ရေကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ စာသင်ကျောင်း၊ ဆေးရုံ၊ လမ်းအစရှိသည့် အများပြည်သူပိုင်နေရာများကို စုပေါင်းသန့်ရှင်းရေး ဝိုင်းဝန်းလုပ်ဆောင်ရန် ပြောကြားပြီး စခန်းများရှိ ရေဘေးသင့်အိမ်ထောင်စု ၆၃၆ စုမှ လူဦးရေ ၂၂၈၁ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေ၊ ကြက်ဥ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ အသက် ၅ နှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူ စသည်ဖြင့် ထိခိုက်လွယ်လူဦးရေ ၉၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ခဲ့ပြီး ထောက်ပံ့မှုစုစုပေါင်း ငွေကျပ် ၂၁၄ ဒသမ ၅၅ သိန်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ဘားအံမြို့နယ်၊ မြဝတီမြို့နယ်နှင့် မဒေါက်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာ နေရာများသို့ ရှောင်ရှား

**နေပြည်တော် ဩဂုတ် ၂၇**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ခြောက်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်ပေ ၁၀ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခြောက်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်နှင့် မဒေါက်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# PRI-FLOWS နဲ့ ကာကွယ်မယ်၊ မိမိကိုယ်ရေးအချက်အလက်ကိုကွယ်

မောင်ဖိုးသား

မိုးကတစ်ချက်နှစ်ချက် ခပ်သည်းသည်းလေးရွာပြီး ရပ်သွားတော့ ပူစပ်ပူလောင်နဲ့ကျန်ခဲ့တယ်။ ၅ လွှာတိုက်ခန်းရဲ့ဝရန်တာမှာ လေညင်းခံဖို့ ရပ်နေရင်း အိမ်ရှေ့လမ်းမပေါ်က ဖြတ်သွားဖြတ်လာလုပ်နေကြတဲ့လူတွေကို ငေးကြည့်နေမိတယ်။ ခဏနေတော့ပျင်းလာတာနဲ့ မိန်းခလုတ်ကိုချ၊ တိုက်ခန်းရဲ့အဝင်တံခါးကို သော့တစ်ထပ်ခတ်၊ ဝရန်တာတံခါးကို သော့တစ်ထပ်ခတ်ပြီးမှ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာထိုင်ဖို့ ထွက်လာလိုက်တယ်။ နေ့လယ်နေ့ခင်းဖြစ်နေရင်လည်း သော့နှစ်ထပ်ခတ်နိုင်မှ ကိုယ့်အိမ်၊ ကိုယ့်အခန်း လုံခြုံမှာပါ၊ ဖြစ်လာမှဖြေရှင်းတာထက် မဖြစ်ခင်ကြိုတင်ကာကွယ်တာက အကောင်းဆုံးပဲလေ။

လက်ဖက်ရည်ဆိုင်က နှစ်ထပ်ဆိုင်မို့လို့ အပေါ်ထပ်ကို တက်လာလိုက်တယ်။

"ဟာ ... မောင်ဖိုးသား၊ ဒီကိုလာ ..."

ဆိုင်ရဲ့အပေါ်ထပ်မှာ မတွေ့ရတာကြာနေတဲ့ ကျောင်းနေဖက်သူငယ်ချင်းနဲ့ဆုံတော့ ကျွန်တော့်ကို ဝမ်းသာအားရလှမ်းခေါ်တယ်။ ကျွန်တော်က သူထိုင်နေတဲ့ဆိုင်ရဲ့ ထောင့်ဘက်လက်ဖက်ရည်ဝိုင်းမှာ ဝင်ထိုင်လိုက်ပြီး ...

"ဝလာလိုက်တာ သူငယ်ချင်းရာ။ မင်းကိုကြည့်ရတာ အဆင်ပြေနေပုံပဲ ..."

"ဒီမှာ သူငယ်ချင်းရေ ...၊ အဆင်ပြေလည်း ပြေအောင်နေ၊ အဆင်မပြေလည်း ပြေအောင်ကြိုးစားပြီးနေ ... ဒါမှ စိတ်ချမ်းသာရမှာပေါ့ကွာ"

အေးပါကွာ ဟုတ်ပါပြီလို့ ရယ်ရယ်မောမောနဲ့ ပြန်ပြောရင်း အနားကိုရောက်လာတဲ့ စားပွဲထိုးလေးကို ပုံမှန်တစ်ခွက်ပေးပါလို့ မှာလိုက်တယ်။ ပြီးတော့ သူငယ်ချင်းကိုကြည့်ပြီး ...

"ပြောပါဦးကွာ။ မင်းအခုဘာတွေလုပ်နေလဲ"

သူငယ်ချင်းက လက်ကာပြပြီး ...

"ခဏလေး သူငယ်ချင်း။ ငါကားသော့ခတ်ခဲ့လား မခတ်ခဲ့လားမသိဘူး။ အခုမှ မင်းနဲ့စကားပြောရင်း ကားသော့ကို သတိရသွားလို့ ..."

ငါသွားရှာလိုက်ဦးမယ်၊ ဖုန်းလာရင်ကိုင်ထားလိုက်လို့ ဆက်ပြောရင်း ခပ်သွက်သွက်လေး ထွက်သွားတယ်။ သူထွက်သွားပြီးခဏနေတော့ စားပွဲထိုးလေးက လက်ဖက်ရည်လာချပေးတယ်။ ကျွန်တော်က လက်ဖက်ရည်ကို မှုတ်သောက်လိုက်တဲ့အချိန်မှာ သူ့ဖုန်းက ဖုန်းဝင်လာတယ်။ သူက ဖုန်းကိုင်ဖို့မှာထားတာနဲ့ ဖုန်းကိုကောက်ကိုင်လိုက်တယ်။

"အေး သူငယ်ချင်း ... ငါထိုင်ခဲ့တဲ့ စားပွဲအောက်မှာ တစ်ချက်ကြည့်ကြည့်ပါဦးကွာ။ ဒီမှာရှာမတွေ့လို့ ..."

ကျွန်တော်က ဖုန်းကိုကိုင်ထားရင်း စားပွဲအောက်ကိုငုံ့ကြည့်လိုက်တော့ သူထိုင်ခဲ့တဲ့ဘက် အမှိုက်ခြင်းလေးနားမှာ ကားသော့ကို လှမ်းတွေ့လိုက်ရတယ်။

"တွေ့ပြီဟေ့ကောင်ရေ ... ပြန်လာတော့ ..."

ကျွန်တော်က ဖုန်းချလိုက်ပြီး သူထိုင်ခဲ့တဲ့ဘက်မှာ ဖုန်းကိုပြန်ထားလိုက်တယ်။ သူ့ဖုန်းမှာ နိုတီတွေ တအားတက်တာ သတိထားမိလိုက်တယ်။ အွန်လိုင်းတော်တော်သုံးပုံရပါတယ်။ ခဏနေတော့ မောကြီးပန်းကြီးနဲ့ ရောက်ချလာတယ်။

"ဟူး ... မောလိုက်တာကွာ"

ကျွန်တော်က သူ့ကိုပြုံးပြီးကြည့်ရင်း ...

"မင်းဖုန်း Password တွေပါ မေ့တတ်ရင်တော့ ဒုက္ခပဲ ..."

"ငါကမေ့တတ်လို့ ဘာ Password မှ မထားဘူး"

"အဲဒီလိုမလုပ်ရဘူးလေ ... မေ့တတ်တယ်ဆိုရင်လည်း ကိုယ့်မှတ်ပုံတင်နံပါတ်နဲ့ ကိုယ့်နာမည် အတိုကောက်နဲ့တွဲပြီး Password ထားတာမျိုး လုပ်သင့်တယ်"

အေး ... အေး လုပ်လိုက်မယ်လို့ ကျွန်တော့်ကို ပေါ့ပေါ့လေးပြန်ပြောတယ်။ ကျွန်တော်က ...

"မင်းရဲ့ဖုန်းက နိုတီတအားတက်တယ်။ အွန်လိုင်းတွေမှာ အစုံသုံးတယ်ထင်တယ်"

"ငါက အွန်လိုင်းနဲ့အလုပ်လုပ်ရတာကိုကွာ။ ပြီးတော့ ..."

ကျွန်တော်က လက်ကာပြလိုက်ပြီး ...

"အဲဒါဆိုရင်တော့ Personal Data တွေ ကာကွယ်တတ်ဖို့ လိုအပ်မယ် သူငယ်ချင်း"

သူက ကျွန်တော့်ကို နားမလည်နိုင်သလို ကြည့်ပြီး ...

"Personal Data ဆိုတာက ... ဘာလဲ"

"ကိုယ်ရေးကိုယ်တာ အချက်အလက်ပေါ့ကွာ...။ ဒီနေ့ခေတ် ဒီဂျစ်တယ်ကမ္ဘာမှာ ကိုယ်ရေးကိုယ်တာအချက်အလက် (Personal Data) ဆိုတာ ငွေကြေးနဲ့တန်ဖိုးတူတဲ့ ဒီဂျစ်တယ်ပိုင်ဆိုင်မှုတစ်ခု၊ ပုံမှန်လုပ်ရိုးလုပ်စဉ်တစ်ခုလို့ ထင်ရနိုင်တယ်။ ဒါပေမယ့် အဲဒီလုပ်ဆောင်ချက်တွေကနေတစ်ဆင့် ငါတို့ရဲ့ကိုယ်ရေးအချက်အလက်တွေကို မသမာသူတွေက စောင့်ကြည့်၊ စုဆောင်းဖို့အတွက် ဝေမျှနေတာလို့ မင်းတွေးမိဖူးလား ..."

သူငယ်ချင်းက ခေါင်းရမ်းပြပြီး အဲဒီအချက်အလက်တွေပေါက်ကြားရင် ဘာတွေဖြစ်နိုင်လဲလို့ မေးတယ်။

"ကိုယ်ရေးအချက်အလက်တွေကို မသမာသူတွေရသွားပြီဆိုရင် ကိုယ်ရေးအချက်အလက်အတု အသုံးပြုခံရမယ်၊ ဖေ့စ်ဘွတ်၊ အီးမေးလ်၊ ဘဏ်အကောင့်တွေကို ခိုးယူဖို့ကြိုးစားမယ်၊ ငွေလိမ်တောင်းမယ်၊ ကိုယ့်ရဲ့ဓာတ်ပုံနဲ့အချက်အလက်တွေကို ခွင့်ပြုချက်မရှိဘဲအသုံးပြုမယ်၊ ကိုယ်ရေးကိုယ်တာလုံခြုံမှုနဲ့ ဂုဏ်သိက္ခာထိခိုက်တာတွေ ဖြစ်နိုင်တယ်။ ဒါကြောင့် ကိုယ်ရေးအချက်အလက်တွေကို သာမန်အချက်

> ❝ ကိုယ်ရေးအချက်အလက်တွေကို မသမာသူတွေရသွားပြီဆိုရင် ကိုယ်ရေးအချက်အလက်အတု အသုံးပြုခံရမယ်၊ ဖေ့စ်ဘွတ်၊ အီးမေးလ်၊ ဘဏ်အကောင့်တွေကို ခိုးယူဖို့ကြိုးစားမယ်၊ ငွေလိမ်တောင်းမယ်၊ ကိုယ့်ရဲ့ဓာတ်ပုံနဲ့အချက်အလက်တွေကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုမယ်၊ ကိုယ်ရေးကိုယ်တာလုံခြုံမှုနဲ့ ဂုဏ်သိက္ခာ ထိခိုက်တာတွေ ဖြစ်နိုင်တယ်။ ဒါကြောင့် ကိုယ်ရေးအချက်အလက်တွေကို သာမန်အချက်အလက်တစ်ခုလို့မယူဆဘဲ ကာကွယ်ရမယ့် ဒီဂျစ်တယ်ပိုင်ဆိုင်မှုတစ်ခုလို့ သဘောထားရမယ် ❞

တစ်ခုပဲကွာ။ ဒါကြောင့် ကိုယ်ရေးကိုယ်တာအချက်အလက်တွေကို သေသေချာချာထိန်းသိမ်းထားသင့်တယ်။ Personal Data ဟာ လူတစ်ယောက်ချင်းကို တိုက်ရိုက်ပဲဖြစ်ဖြစ်၊ သွယ်ဝိုက်လို့ပဲဖြစ်ဖြစ် ဖော်ထုတ်နိုင်တဲ့အချက်အလက်တွေကိုဆိုလိုတာ။ ဥပမာ – နာမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ Email လိပ်စာ၊ ဘဏ်အကောင့်နဲ့ ငွေပေးချေမှုဆိုင်ရာအချက်အလက်တွေ၊ စကားဝှက် (Password)၊ လုံခြုံရေးကုဒ်တွေ (OTP)၊ဓာတ်ပုံ၊ ဗီဒီယိုနဲ့တည်နေရာ (Location) အချက်အလက်တွေ၊ လူမှုကွန်ရက်အကောင့်နဲ့ အသုံးပြုမှုမှတ်တမ်းတွေပါတယ်"

သူငယ်ချင်းက စိတ်ဝင်တစားနားထောင်ရင်း "အဲဒါကြောင့်လားမသိဘူးကွာ...ငါ့အကောင့်တွေမှာ ဆိုရင် မသိတဲ့စက်တွေကနေ ဝင်ဖို့ကြိုးစားနေတယ်ဆိုပြီး လော့ဂ်အင် (Login) သတိပေးချက်တွေ ခဏခဏတက်လာတတ်တယ်။ နောက်ပြီး Messenger ကနေလည်း သူငယ်ချင်းတွေရဲ့ အကောင့်တွေကတစ်ဆင့် အရေးပေါ်ပိုက်ဆံချေးတဲ့စာတွေ၊ ဆုကြီးပေါက်တယ်ဆိုပြီးနှိပ်ခိုင်းတဲ့ မသင်္ကာစရာလင့်ခ် (Link)တွေ မကြာခဏရောက်ရောက်လာတယ်။ ငါကတော့ အလုပ်များတာနဲ့ သိပ်ဂရုမစိုက်မိဘူး။ ဒါပေမယ့် အခုမင်းပြောတာတွေကြားရတော့မှ ငါ့အချက်အလက်တွေများ ပေါက်ကြားနေပြီလားလို့ စိုးရိမ်လာတယ်။ အသေးစိတ်လေးပြောပြကွာ... ငါစိတ်ဝင်စားတယ်" လို့ ပြောတာနဲ့....

"ငါတို့တွေ တစ်ရက်တစ်ရက် အွန်လိုင်းသုံးနေရင်းနဲ့ ကိုယ့်ရဲ့အချက်အလက်တွေကို အင်တာနက်ပေါ်မှာ ချန်ထားမိတတ်တယ်။ ကော်ဖီဆိုင်မှာ Wifi သုံးပြီး မေးလ်စစ်တာ၊ ဖုန်းထဲက "သင်နဲ့တူတဲ့အနုပညာရှင်ကဘယ်သူလဲ" ဆိုတဲ့ ပဟေဠိတွေကို ဖြေကြည့်တာမျိုး၊ ဒါမှမဟုတ် သူငယ်ချင်းတစ်ယောက်ဆီကရောက်လာတဲ့ Link ကို ချက်ချင်းနှိပ်မိတာမျိုးတွေက ပျော်စရာကိစ္စ

အလက်တစ်ခုလို့မယူဆဘဲ ကာကွယ်ရမယ့် ဒီဂျစ်တယ်ပိုင်ဆိုင်မှုတစ်ခုလို့ သဘောထားရမယ်"

"အဲဒါဆို ဘယ်လိုလုပ်ရမလဲ ..."

အွန်လိုင်းမသုံးနဲ့ပေါ့ကွ...လို့ ကျွန်တော်က စလိုက်တော့ မျက်နှာကြီးရှုံ့မဲ့ပြီး ...

"မရဘူးလေကွာ မင်းကလည်း ...၊ ငါက အွန်လိုင်းနဲ့အလုပ်လုပ်နေရတာကို ..."

ကျွန်တော်ကရယ်လိုက်ပြီး ...

"စတာပါကွာ...။ ငါပြောပြမယ်...။ ဒီလိုကွာ ... ကော်ဖီဆိုင်တို့၊ လေဆိပ်တို့၊ စားသောက်ဆိုင်တို့၊ ဟိုတယ်တို့မှာ Free Wifi လို့ခေါ်တဲ့ Public Wifi တွေရှိတယ်။ အဲဒီ Public Wifi တွေမှာက လုံခြုံရေးအားနည်းချက်ရှိတယ်။ မသမာသူတွေက အဲဒီအားနည်းချက်ကိုအသုံးချဖို့ ချောင်းနေတာကွ။ Public Wifi နဲ့ သုံးဖြစ်တယ်ဆိုရင် အရေးကြီးအကောင့်တွေကို Login ဝင်တာတို့၊ Online Banking သုံးတာတို့၊ Digital Payment သုံးတာတို့ ရှောင်သင့်တာပေါ့ကွာ။

ကျွန်တော်ကချည်းပဲ စကားတွေပြောနေမိလို့ သူငယ်ချင်းရဲ့အခြေအနေကိုလည်း ကြည့်ရပါသေးတယ်။ သူ့ကိုကြည့်ရတာတော့ တကယ်ကို စိတ်ဝင်တစားနဲ့ နားထောင်နေတာ တွေ့ရတယ်။

သူက ရေနွေးကြမ်းသောက်ရင်း ကျွန်တော့်ကို ပြုံးကြည့်ပြီး ဆက်ပြောလေကွာလို့ပြောတယ်။

"အွန်လိုင်းလုံခြုံရေးနဲ့ ကိုယ်ရေးအချက်အလက်တွေကို ကာကွယ်နိုင်တဲ့ အခြေခံနည်းလမ်းတွေ ဆက်ပြောပြမယ်။ အရင်ဆုံးကတော့ Account Password တွေပေါ့ကွာ။ ခန့်မှန်းရခက်ပြီး ခိုင်မာတဲ့ Password ကို သုံးရမယ်။ မင်းမေ့တတ်တယ်ဆိုရင် စာအုပ်အသေးလေးတစ်အုပ် ဆောင်ထားပြီး မှတ်ထားပေါ့။ အကောင့်တိုင်းမှာ Password တူနေတာကို ရှောင်ရမယ်။ ဖြစ်နိုင်ရင် Two-Factor Authentication (2FA) သုံးပြီး လုံခြုံရေးအလွှာ ထပ်တိုးထားရမယ်။ နောက်တစ်ခုက ကိုယ့်ရဲ့ဘဏ်အကောင့်၊ ငွေပေးချေမှုမှတ်တမ်းတွေနဲ့ အကောင့်လှုပ်ရှားမှုတွေကို ပုံမှန်စစ်ဆေးရမယ်။ မသင်္ကာစရာ လှုပ်ရှားမှုတစ်ခုခုတွေ့တာနဲ့ ချက်ချင်းတုံ့ပြန်ရမယ်။ ပြီးတော့ ဝက်ဘ်ဆိုက် ဒါမှမဟုတ် Application တစ်ခုမှာ ကိုယ်ရေးအချက်အလက်တွေ မဖြည့်ခင် သူ့ရဲ့တရားဝင်မှုနဲ့ လုံခြုံမှု ရှိ-မရှိကို သေချာစစ်ရမယ်"

ကျွန်တော်က ပြောလက်စခဏရပ်ပြီး ရေနွေးကြမ်းကို တစ်ငုံသောက်လိုက်တယ်။ လည်ချောင်းရှင်းလိုက်ပြီး ...

"ကျန်သေးတယ်။ ဆက်ပြောပြဦးမယ်။ **အမည်မသိတဲ့သူတွေဆီကပို့လာတဲ့ ဖိုင်တွေကို မဖွင့်နဲ့။ အဲဒီဖိုင်ကနေ ဖုန်း၊ ကွန်ပျူတာကို ထိခိုက်စေနိုင်တဲ့ Malware ဒါမှမဟုတ် Virus တွေ ပါလာတတ်တယ်။ ဖုန်းမက်ဆေ့ချ်တွေ၊ မေးလ်တွေ၊ လူမှုကွန်ရက်တွေကတစ်ဆင့် ရောက်လာတဲ့ သံသယဖြစ်စရာ Link တွေကို မနှိပ်နဲ့။ Phishing တိုက်ခိုက်မှုတွေက Link တွေကို ခဏခဏအသုံးပြုတတ်ကြလို့ပဲ။ ပြီးတော့ ဘဏ်နဲ့ အွန်လိုင်းဝန်ဆောင်မှုတွေကနေပို့လာတဲ့ OTP ကို သိတယ်မဟုတ်လား။ အဲဒါက ဘယ်သူ့ကိုမှ ပြလို့မရဘူး။ အဲဒီ OTP က မင်းရဲ့အကောင့်ထဲကို ဝင်သွားနိုင်တဲ့ အရေးကြီးလုံခြုံရေးကုဒ်ပဲ။ နောက်ဆုံးတစ်ခုက... လူမှုကွန်ရက်တွေပေါ်မှာ ကိုယ်ရေးကိုယ်တာအချက်အလက်တွေကို အလွန်အကျွံ မျှဝေတာတွေ မလုပ်နဲ့။ မှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာ၊ ခရီးသွားနေတဲ့အချိန်နဲ့ တည်နေရာလိုမျိုး အရေးကြီးတဲ့အချက်အလက်တွေကို လူမှုကွန်ရက်တွေပေါ်မှာ အလွန်အကျွံမမျှဝေသင့်ဘူး"**

"ကျေးဇူးတင်လိုက်တာကွာ။ ဒါပေမယ့် မင်းပြောတာတွေကို ငါရုတ်တရက်မှတ်မိဖို့ခက်လို့ သတိကြီးကြီးထားမိနိုင်ဖို့ ဘယ်လိုမှတ်ရင် အလွယ်တကူမှတ်မိနိုင်မလဲ သူငယ်ချင်း"

"အလွယ်အတွက်က PRI-FLOWS နဲ့ မှတ်လိုက် သူငယ်ချင်း။ PRI-FLOWS ဆိုတာက ...

**P. Password (စကားဝှက်)။** စကားဝှက်တွေနဲ့ ပတ်သက်ပြီး သေချာရှင်းပြရရင် ကိုယ့်အကောင့်တွေကိုကာကွယ်ဖို့ ခိုင်မာတဲ့စကားဝှက်တွေ သတ်မှတ်ထားဖို့လိုတယ်။ ဥပမာ – နာမည်၊ ဖုန်းနံပါတ်၊ မွေးသက္ကရာဇ် စတဲ့ ခန့်မှန်းရလွယ်တာမျိုးတွေမသုံးဘဲ စာလုံးကြီး၊ စာလုံးသေး၊ ဂဏန်းနဲ့ အထူးသင်္ကေတ (@, #, $) တွေကို ရောနှောသုံးသင့်တယ်။ အကောင့်တစ်ခုနဲ့တစ်ခု စကားဝှက်တူညီနေတာမျိုးလည်း မဖြစ်ရဘူး။

**R. Regular check (ပုံမှန်စစ်ဆေးတာ)။** ကိုယ့်ရဲ့ဘဏ်အကောင့်ထဲက ငွေအဝင်အထွက်တွေ၊ လူမှုကွန်ရက်တွေမှာ လော့ဂ်အင် (Login) ဝင်ထားတဲ့အခြေအနေတွေကို အမြဲပုံမှန်စစ်ဆေးနေဖို့ လိုတယ်။ အထူးသဖြင့် ကိုယ်မသိတဲ့စက်ကနေ ဝင်ရောက်ထားတာ ရှိ မရှိ၊ သံသယဖြစ်စရာ ငွေလွှဲပြောင်းမှုတွေ ရှိ မရှိ ဆိုတာကို သတိထားပြီး မျက်ခြည်မပြတ် စောင့်ကြည့်ဖို့ အရေးကြီးတယ်။

**I. Inspection (သေချာကြည့်ရှုစစ်ဆေးတာ)။** အွန်လိုင်းကနေဝင်လာတဲ့ အီးမေးလ်တွေ၊ မက်ဆေ့ချ်တွေ၊ အသိပေးချက်တွေကို အပေါ်ယံကြည့်ပြီးမယုံဘဲ သေချာစစ်ဆေးဖို့လိုတယ်။ ဥပမာ– ဘဏ်ကနေ ပို့တယ်ဆိုရင်တောင် တရားဝင်အီးမေးလ်လိပ်စာ ဟုတ်မဟုတ်၊ စာလုံးပေါင်းမှားယွင်းနေတာ ရှိ မရှိ သေချာကြည့်ရမယ်။ လိမ်တဲ့သူတွေက နာမည်ကို ခပ်ဆင်ဆင်လေးတွေသုံးပြီး လှည့်စားတတ်ကြတယ်။

**F. File (ဖိုင် / အချက်အလက်များ)။** အင်တာနက်ကနေဖြစ်ဖြစ်၊ စာတိုတွေကနေဖြစ်ဖြစ် ကိုယ်သေချာမသိတဲ့ဖိုင် (File)တွေ၊

*စာမျက်နှာ ၇ သို့*

# (၂၉)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ




**ဘန်ကောက်  ဩဂုတ် ၂၇**

(၂၉)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Dusit Thani Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Anutin Charnvirakul က အဖွင့်အမှာစကားပြောကြားပြီး အာဆီယံနိုင်ငံများမှ အလုပ်သမားရေးရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(OECD)တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကာ အလုပ်သမားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးသည် အာဆီယံအလုပ်သမားဝန်ကြီးများ လုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀)အရ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ဆက်စပ်အစည်းအဝေးများမှ အလုပ်သမားရေးရာ ဆုံးဖြတ်ချက်များ၊ အဖွဲ့ဝင်နိုင်ငံများမှ အလုပ်သမားရေးရာ ဆောင်ရွက်ချက်များကို ဆွေးနွေးရန်နှင့် အာဆီယံအလုပ်သမားဝန်ကြီးများထံ တင်ပြအတည်ပြုနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Phongsaysack Inthalath နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ အလုပ်သမားရေးရာ ကိစ္စရပ်များဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် လာအိုနိုင်ငံ၌ ရောက်ရှိနေသော အထောက်အထားမဲ့ မြန်မာလုပ်သားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) ထုတ်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံသက်ဆိုင်ရာ အဖွဲ့အစည်းများပါဝင်သည့် လုပ်ငန်းအဖွဲ့(Working Group)ဖြင့် ဆွေးနွေး၍ လုပ်ငန်းစဉ်များအမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြန်မာလုပ်သားများ၏ မိသားစုလွှဲပို့ငွေများ တရားဝင်လမ်းကြောင်းများမှတစ်ဆင့်လွှဲပို့နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဝင်ထွက်ပေါက်များမှတစ်ဆင့် တရားဝင်အလုပ်လုပ်ကိုင်နိုင်ရေး၊ သက်သေခံလက်မှတ်များ ထုတ်ပေးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝေန်တာတမံနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဩဂုတ် ၂၇**

ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ဝေန်တာတမံ နိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ ဝေန်မြစ်(လေးမျက်နှာမြို့)၏ မြစ်ရေမှတ်သည် ၂၈ ပေခန့်ရှိရာ မြစ်ရေမှတ်များ ကျဆင်းနေသည့်အတွက် ရေစီးဝင်လမ်းကြောင်း၏ လက်ယာဘက်ခြမ်းအား နိုင်လွန်ကြိုးပိုက်များဖြင့်ထုပ်ပြီး သဲအိတ်တွဲများချခြင်း၊ ဒဂုန်စာမရီရေယာဉ်ကြီးဖြင့် (အလျား ၄ မီတာ၊ အကျယ် ၂ မီတာ၊ ထု ၀.၅ မီတာ) Geo Bag အိတ်ကြီးများချခြင်း၊ အလယ်ရေနက်ရေစီးကြောင်းတွင် Split Barge ရေယာဉ်ကြီးဖြင့် (အလျား ၁၀ မီတာ၊ အကျယ် ၂ မီတာ၊ ထု ၀.၅ မီတာ) နှင့် (အလျား ၈ မီတာ၊ အကျယ် ၂ မီတာ၊ ထု ၀.၅ မီတာ) Geo Bag အိတ်ကြီးများချခြင်း၊ လက်ဝဲဘက်ခြမ်းအား Steel Sheet Pile များရိုက်သွင်းခြင်း စသည့် လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကြည့်ရှုစစ်ဆေးပြီး ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများကို ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၏ ပေါင်းစပ်ဆောင်ရွက် နေမှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



### မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော်  ဩဂုတ် ၂၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

အချက်အလက်တွေကို လွယ်လွယ်နဲ့ ဒေါင်းလုတ်မလုပ်ဖို့ သေချာဂရုစိုက်ရမယ်။ အဲဒီဖိုင်တွေထဲမှာ ဖုန်း ဒါမှမဟုတ် ကွန်ပျူတာက အချက်အလက်တွေကို ခိုးယူမယ့် ဗိုင်းရပ်စ် (Virus/ Malware) တွေ ပါလာနိုင်လို့ မဖွင့်ခင် သေချာစစ်ဆေးဖို့လိုတယ်။

**L. Link (လင့်ခ် / ချိတ်ဆက်မှုများ)။** မက်ဆေ့ချ်၊ အီးမေးလ်၊ ဗိုက်ဘာ (Viber) စတာတွေကနေ ရောက်လာတဲ့ မသင်္ကာစရာလင့်ခ်(Link)တွေကို ဘယ်တော့မှ အလွယ်တကူမနှိပ်မိဖို့လိုတယ်။ ဆုကြီးပေါက်တယ်ဆိုပြီး မက်လုံးပေးတာတွေ၊ အကောင့်ပိတ်မယ်ဆိုပြီး ခြောက်လှန့်တဲ့လင့်ခ်တွေက ထောင်ချောက်တွေဖြစ်တတ်လို့ သေချာဂရုစိုက်ဖို့ ပြောချင်တယ်။

**O. OTP (တစ်ကြိမ်သုံးစကားဝှက် – One–Time Password)။** ဒီနေရာမှာ အဓိကပြောချင်တာက OTP Codes တွေကို အမြဲလျှို့ဝှက်ထားသင့်တဲ့အကြောင်းပဲ။ အကောင့်ထဲဝင်ဖို့ ဖုန်းကိုရောက်လာတဲ့ OTP ဂဏန်းခြောက်လုံးဟာ ကိုယ့်ရဲ့နောက်ဆုံးခံတပ်ပဲ။ ဘဏ်ဝန်ထမ်းအစစ်ကတောင် ကိုယ့်ရဲ့ OTP ကို ဘယ်တော့မှ မတောင်းဘူးဆိုတာကို သတိထားပြီး ဘယ်သူလာတောင်းတောင်း လုံးဝမပေးဖို့ သေချာရှင်းပြချင်တယ်။

**W. Wifi (Public Wifi – အများသုံးဝိုင်ဖိုင်)။** ကော်ဖီဆိုင်တွေ၊ လေဆိပ်တွေနဲ့ ဈေးဝယ်စင်တာတွေမှာ အခမဲ့ပေးထားတဲ့ Public Wifi တွေကိုသုံးပြီး ဘဏ်အကောင့်ထဲဝင်တာ၊ ငွေလွှဲတာမျိုးတွေ လုံးဝမလုပ်သင့်ဘူး။ ဒီ Public Wifi တွေကနေ တစ်ဆင့် ဟက်ကာတွေက ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာအချက်အလက်တွေကို အလွယ်တကူ ကြားဖြတ်ခိုးယူသွားနိုင်လို့ အထူးသတိထားရမယ်။

> **❛ အမည်မသိတဲ့သူတွေဆီက ပို့လာတဲ့ဖိုင်တွေကို မဖွင့်နဲ့။ အဲဒီဖိုင်ကနေ ဖုန်း၊ ကွန်ပျူတာကို ထိခိုက်စေနိုင်တဲ့ Malware ဒါမှမဟုတ် Virus တွေ ပါလာတတ်တယ်။ ဖုန်းမက်ဆေ့ချ်တွေ၊ မေးလ်တွေ၊ လူမှုကွန်ရက်တွေကတစ်ဆင့် ရောက်လာတဲ့ သံသယဖြစ်စရာ Link တွေကို မနှိပ်နဲ့။ Phishing တိုက်ခိုက်မှုတွေက Link တွေကို ခဏခဏအသုံးပြုတတ်ကြလို့ပဲ။ ပြီးတော့ ဘဏ်နဲ့ အွန်လိုင်းဝန်ဆောင်မှုတွေကနေပို့လာတဲ့ OTP ကို သိတယ်မဟုတ်လား။ အဲဒါက ဘယ်သူ့ကိုမှ ပြလို့မရဘူး။ အဲဒီ OTP က မင်းရဲ့အကောင့်ထဲကိုဝင်သွားနိုင်တဲ့ အရေးကြီးလုံခြုံရေးကုဒ်ပဲ။ နောက်ဆုံးတစ်ခုက... လူမှုကွန်ရက်တွေပေါ်မှာ ကိုယ်ရေးကိုယ်တာအချက်အလက်တွေကို အလွန်အကျွံမျှဝေတာတွေ မလုပ်နဲ့။ မှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာ၊ ခရီးသွားနေတဲ့အချိန်နဲ့ တည်နေရာလိုမျိုး အရေးကြီးတဲ့အချက်အလက်တွေကို လူမှုကွန်ရက်တွေပေါ်မှာ အလွန်အကျွံမမျှဝေသင့်ဘူး ❜**

**S. Share (မျှဝေတာကို သတိထားဖို့)။** အွန်လိုင်းလူမှုကွန်ရက်တွေမှာ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာအချက်အလက်တွေ၊ ခရီးသွားမယ့်အစီအစဉ်တွေ၊ နေရပ်လိပ်စာတွေကို အလွန်အကျွံမျှဝေတာတွေကို အထူးသတိထားဆင်ခြင်ဖို့လိုတယ်။ လိမ်လည်သူတွေက ကိုယ်မျှဝေလိုက်တဲ့အချက်အလက်တွေကိုပဲ အသုံးချပြီး ခြေရာခံလိမ်လည်ဖို့ကြိုးစားတတ်လို့ သတိထားပြီးမှ မျှဝေသင့်တယ်။"

"ပြောပြပေးတာ ကျေးဇူးအများကြီးတင်ပါတယ်ကွာ ..."

သူငယ်ချင်းက သူ့မျက်နှာကြီးဝိုင်းနေအောင်ပြုံးပြီး ကျေးဇူးတင်စကားတွေပြောနေတော့တယ်။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ဖုန်းနံပါတ်တွေ ပေးဖြစ်ကြတယ်။

"ကဲ ... ငါလည်းမောသွားပြီ။ အိမ်မှာအလုပ်လေးတွေရှိသေးတယ်။ မင်းရော ပြန်တော့မလား ..."

"အေး ပြန်မယ်လေ ..."

ကျွန်တော်က စားပွဲထိုးကိုလှမ်းခေါ်ပြီး ပိုက်ဆံထုတ်တော့ ... ကျွန်တော့်လက်ကိုကာပြီး သူငယ်ချင်းက အတင်းလုရှင်းလိုက်တယ်။

"မင်းကို ငါကျေးဇူးတင်လို့ လက်ဖက်ရည်တိုက်တာ"

"အေးပါကွာ ... အေးပါ။ အမြဲတမ်းမှတ်မိနေစေဖို့ PRI–FLOWS စာလုံးလေးကိုတော့ အမြဲသတိရလိုက်နာဖို့ မှာချင်ပါတယ် သူငယ်ချင်း"

ကျွန်တော်တို့နှစ်ယောက် ဆိုင်အပေါ်ထပ်ကနေ အတူတူဆင်းလာကြပြီး သူကတော့ သူ့ကားနဲ့သူ ပြန်သွားပါတယ်။

အိမ်အပြန်ကို အတွေးများစွာနဲ့ လမ်းလျှောက်လာမိတယ်။ **တကယ်တော့ လုံခြုံတဲ့ဒီဂျစ်တယ်လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ဖို့ဆိုတာ နည်းပညာတစ်ခုတည်းရဲ့ တာဝန်မဟုတ်ပါဘူး။ အသုံးပြုသူတိုင်းရဲ့ အသိပညာ၊ သတိနဲ့ တာဝန်ယူမှုအပေါ်မှာမူတည်ပါတယ်။ ကိုယ်ရေးအချက်အလက်တွေကို ဂရုတစိုက်ကာကွယ်ပြီး အွန်လိုင်းလိမ်လည်မှုတွေ၊ အကောင့်ခိုးယူမှုတွေနဲ့ ဒီဂျစ်တယ်အန္တရာယ်တွေကနေ ကိုယ်ကိုယ်တိုင်နဲ့ ကိုယ့်မိသားစုကို ကာကွယ်နိုင်ရပါမယ်။ နည်းပညာဆိုတာက ရပ်တန့်သွားမယ့်အရာမဟုတ်တဲ့အတွက် နည်းပညာတိုးတက်လာတာနဲ့အမျှ အဆင့်မြင့်တဲ့ ဒီဂျစ်တယ်အန္တရာယ်တွေကိုလည်း ကြုံတွေ့လာရနိုင်ပါတယ်။ ဒီတော့ ... ကိုယ်ရေးအချက်အလက်တွေကို PRI–FLOWS နဲ့ စနစ်တကျထိန်းသိမ်းပြီး ပိုမိုလုံခြုံစိတ်ချရတဲ့ ဒီဂျစ်တယ်ကမ္ဘာဆီကို အတူဖြတ်သန်းကြရအောင် ...။**  ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၇**

၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်အားကစားရုံ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် တာဝန်ရှိသူများသည် မြို့နယ်ပေါင်းစုံ အသက် ၁၈ အောက် အမျိုးသား၊ အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နေပြည်တော် အမျိုးသမီးအားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး သံပြားပစ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတို့တွင် ဆုရရှိသည့် အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော်အားကစားနှင့်ကာယပညာကော်မတီ နာယကက အမျိုးသမီး တံခွန်စိုက်ဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်းနှင့် အမျိုးသား တံခွန်စိုက်ဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်းတို့ကို တံခွန်စိုက်ဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**





# ကယားပြည်နယ်အစိုးရအဖွဲ့က ရှားတောမြို့နယ်နှင့် မယ်စဲ့မြို့နယ်တို့မှ ယာယီနေရပ်စွန့်ခွာ ပြည်သူများနှင့် ဝန်ထမ်းများအား အခြေခံစားသောက်ကုန် ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်

**လွိုင်ကော် ဩဂုတ် ၂၇**

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ကယားပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်က လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ကျင်းပပြီး ရှားတောမြို့နယ်မှ ပြည်သူ ၁၄၉ ဦး၊ မယ်စဲ့မြို့နယ်မှ ပြည်သူ ၁၄၀ နှင့် ဌာနဆိုင်ရာဝန်ထမ်း ၅၉ ဦး စုစုပေါင်း ၃၄၈ ဦးတို့အား အခြေခံစားသောက်ကုန် ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရှားတောနှင့် မယ်စဲ့မြို့များရှိ ပြည်သူများ နေရပ်စွန့်ခွာပြီး လွိုင်ကော်မြို့သို့ ရောက်ရှိနေထိုင်ချိန်တွင် နေထိုင်စားသောက်မှု အထိုက်အလျောက် အဆင်ပြေစေရန်အတွက် ပြည်နယ်အစိုးရအဖွဲ့က အခြေခံစားသောက်ကုန် ဆန်ရိက္ခာနှင့် စားသုံးဆီများ ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဒီးမော့ဆို၊ ဖရူဆိုနှင့် ဘောလခဲမြို့နယ်များ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီမံကိန်းရည်မှန်းချက်လုပ်ငန်းများကို သက်ဆိုင်ရာဌာနများအလိုက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယာယီနေရပ်စွန့်ခွာ ပြည်သူများအားလုံး မိမိတို့ရပ်ရွာတွင် အမြန်ဆုံး ပြန်လည်အခြေချနေထိုင်ပြီး မူလအသက်မွေးဝမ်းကျောင်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် အားလုံးက စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖော်ဆောင်နေသည့် လုပ်ငန်းများတွင်လည်း ကျရာကဏ္ဍများမှ တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်က ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ရှားတောမြို့နယ်နှင့် မယ်စဲ့မြို့နယ် ပြည်သူများအတွက် ဆန်၊ ဆီများကို ပေးအပ်ရာ သက်ဆိုင်ရာ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် ပြည်နယ်အဆင့်ဖွင့်ပွဲကျင်းပ

**ဟားခါး ဩဂုတ် ၂၇**

၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် ပြည်နယ်အဆင့်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး မိခင်နို့တိုက်ကျွေးမှု စံပြဆု၊ နှစ်နှစ်အောက် စံပြကလေးဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

အခမ်းအနားတွင် အာဟာရရက်သတ္တပတ်လှုပ်ရှားမှု Video Clip ပြသပြီး မိခင်နို့တိုက်ကျွေးမှု စံပြဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး နာယကက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးတို့ကလည်းကောင်း၊ နှစ်နှစ်အောက် စံပြကလေးဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးမြတ်စံနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိန်ထွန်းလှတို့က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ကျန်းမာရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုပြီး အသက် ငါးနှစ်အောက်ကလေးငယ်များအား အင်အားပြည့် ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဆေးပြားများနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းများကို ကြည့်ရှုအားပေးသည်။

အခမ်းအနားဖွင့်ပွဲတွင် ယခုနှစ်အတွက် ဆောင်ပုဒ်ဖြစ်သည့် **“ဘဝအစ လှပဖို့၊ မိခင်နို့ချိုတိုက်ကျွေးလို့ အလေ့အထကောင်းများ မြှင့်တင်စို့”**နှင့်အညီ မိခင်နို့တိုက်ကျွေးခြင်းမှ အစပြု၍ အသက်အရွယ်အလိုက် အာဟာရစောင့်ရှောက်မှု လုပ်ငန်းများကို ပိုမိုခိုင်မာ အားကောင်းလာစေရန် ကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံးပူးပေါင်း၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**



# ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID နေ့ချင်းပြီး ဆောင်ရွက်ပေး



**နေပြည်တော် ဩဂုတ် ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုင်းတုံမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) မိုင်းဇင်း၌ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်း၊ Biographic/ Biometric ကောက်ယူပြီး UID နံပါတ် တစ်ပါတည်း ထုတ်ပေးခြင်းတို့ကို ယနေ့ သွားရောက်ဆောင်ရွက်ပေးသည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီး ဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID တို့ကို ကာယကံရှင် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းထံ ပေးအပ်ကာ ကျောင်းသား ကျောင်းသူများအတွက် အာဟာရမုန့်များ ပေးအပ်သည်။

ထို့ပြင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရောဝတီမြစ်ဆုံ - မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ပိုမိုသိရှိနားလည်နိုင်ရေး ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများနှင့် ရပ်ရွာအခြေပြု တွေ့ဆုံဆွေးနွေး



**မြစ်ကြီးနား ဩဂုတ် ၂၇**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ရောဝတီမြစ်ဆုံ – မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ဒေသတွင်းရှိ ပြည်သူများ နည်းပညာဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် အသိပညာဗဟုသုတ ပိုမိုသိရှိနားလည်စေရေး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကချင်ပြည်နယ် ဒေသခံကော်မတီတို့က ရပ်ကွက်/ကျေးရွာအဆင့်ထိ ရပ်ရွာအခြေပြု ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲများကို အဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများနှင့် မိုင်းနားကျေးရွာအုပ်စု နောင်တာလောကျေးရွာ သာသနာ့ရက္ခိတကျောင်းတိုက် ဓမ္မလင်္ကာရဓမ္မာရုံ၌ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရောဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာအောင်ဝင်း ဦးဆောင်၍ ဒေသခံကော်မတီအဖွဲ့ခေါင်းဆောင် ဦးတိန့်ဆောင်နှင့် အဖွဲ့ဝင်များက ကျေးရွာနေပြည်သူများ၏မေးမြန်းဆွေးနွေးတင်ပြမှုများအပေါ် သိသင့်သိထိုက်သည့် နည်းပညာဆိုင်ရာ အချက်အလက်များ၊ ဘူမိဗေဒဆိုင်ရာ ပညာရှင်တွေ့ရှိချက်များ၊ လျှပ်စစ်စွမ်းအင်ရရှိမှုပေါ်မူတည်၍ နိုင်ငံတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာခြားသည့် နှိုင်းယှဉ်ဖော်ပြချက်များ၊ မြစ်ဆုံနေရာကို ရွေးချယ်ရခြင်း၏ အင်ဂျင်နီယာဆိုင်ရာ အားသာချက်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသာမက မိသားစုတစ်ခုချင်း၏ တိုးတက်မြင့်မားရေးအတွက် လျှပ်စစ်မီးသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်သကဲ့သို့ ယနေ့နည်းပညာခေတ်တွင် လျှပ်စစ်မီးသည် မရှိမဖြစ်အသုံးပြုရန်လိုအပ်နေသည်ကို မိမိတို့အားလုံးသိရှိနားလည်ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့၏ ဆုံးဖြတ်ချက်သည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည်ကို အားလုံးကသိရှိနားလည်လက်ခံကြရန်လိုအပ်ပြီး စီမံကိန်းအတွက် ပူးပေါင်းပါဝင်ကြရန်လိုကြောင်း ပြောကြားသည်။

နံနက်ပိုင်းကလည်း မိုင်းနားကျေးရွာ နယ်မြေ(၁)ရှိ ရွှေနဒီခန်းမ၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ၍ အလုပ်အကိုင်အခွင့်အလမ်း၊ ခံစားခွင့်၊ အကျိုးအမြတ်၊ စိုးရိမ်ပူပန်မှုများနှင့်စပ်လျဉ်း၍ အပြန်အလှန် ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၇**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ ကာလပေါ်တေးအဆိုပြိုင်ပွဲ(အမျိုးသား)ကို ပြိုင်ပွဲဝင် ၁၅ ဦးက စာဆိုစစ်သည်တေးသီချင်းဖြင့်လည်းကောင်း၊ ကာလပေါ်တေးအဆိုပြိုင်ပွဲ(အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၂၂ ဦးက တောင်တန်းပြာနဲ့ စစ်စခန်း တေးသီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ (အမျိုးသား)ကို ပြိုင်ပွဲဝင် ၁၅ ဦးက သူရဲကောင်းအဓိပ္ပာယ်များ သီချင်းဖြင့်လည်းကောင်း၊ ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ (အမျိုးသမီး) ကို ပြိုင်ပွဲဝင် ၂၂ ဦးက ရှူးရှူးမိုက်မိုက်အချစ် သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ညပိုင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက အငြိမ့်နှင့် ပြဇာတ်များကို ပါဝင်ကပြယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဩဂုတ် ၂၇**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုကြိုဆို**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Agri Tech Cambodia 2026 တွင် MFVP ပြခန်းဖွင့်လှစ်ပြသပြီး မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များ နိုင်ငံတကာဈေးကွက်သို့ မိတ်ဆက်



**ရန်ကုန် ဩဂုတ် ၂၇**

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိသည့် Agri Tech Cambodia 2026 အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့် နည်းပညာပြပွဲတွင် မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်း (MFVP) က ပြခန်းဖွင့်လှစ်၍ အသင်းဝင်များ၏ တန်ဖိုးမြှင့် ထုတ်ကုန်များကို နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဝယ်ယူသူများနှင့် မိတ်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံတကာကုန်စည်ပြပွဲတွင် ပါဝင်ပြသခြင်းသည် မြန်မာနိုင်ငံမှ တောင်သူများနှင့် အသင်းဝင်များ၏ ထုတ်ကုန်များအတွက် နိုင်ငံတကာဈေးကွက်လမ်းကြောင်းသစ်များ ပွင့်လင်းလာစေရန်၊ နိုင်ငံတကာကုမ္ပဏီများနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်ရန်နှင့် စိုက်ပျိုးရေး နည်းပညာနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။ **MT**

# ရန်ကုန်တက္ကသိုလ်၌ တရုတ် - မြန်မာလူငယ်များ ဆွေးနွေးဖလှယ်ခြင်းနှင့် မီဒီယာတွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၇**

မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် တရုတ်–မြန်မာလူငယ်များ ဆွေးနွေးဖလှယ်ရေးအစီအစဉ်နှင့် တတိယသုံးလပတ် တရုတ်–မြန်မာ မီဒီယာတွေ့ဆုံပွဲကို စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်တက္ကသိုလ် Center for Research and Innovation ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ သံမှူးကြီး Dr. Zheng Zhihong၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ လူငယ်သံတမန်များ၊ ရန်ကုန်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ တရုတ်–မြန်မာ နှစ်နိုင်ငံမှ မီဒီယာများနှင့် သတင်းဌာနများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် သုတေသနအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

# မိုးဥတုတွင် ဖြစ်တတ်သော အအေးမိတုပ်ကွေးဖျားရောဂါကို တိုင်းရင်းဆေးဖြင့် ကြိုတင်ကာကွယ်စောင့်ရှောက်ခြင်း နည်းလမ်းများ



■ *နေနေနိုင်ရည်၊ မိုးမိုးသန်း၊ နန်းခင်ထွေး(တိုင်းရင်းဆေး)*

မိုးဥတုသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ လေးလတာကာလဖြစ်ပါသည်။ မိုးဥတုသည် မိုးရွာလိုက်၊ နေပူလိုက် တစ်လှည့်စီဖြစ်နေတတ်ပြီး အပူအအေး အားပြိုင်တတ်သော ဥတုဖြစ်ပါသည်။

ဤကဲ့သို့ မိုးရွာလိုက်၊ နေပူလိုက် တစ်လှည့်စီဖြစ်နေတတ်သောကြောင့် အပူ၊ အအေး အားပြိုင်နေသောအချိန်တွင် ဥတုနှင့် လိုက်လျောညီထွေအောင် မနေကြဘဲ ဥတုနှင့်ဆန့်ကျင်ပြီး နေထိုင်စားသောက်ကြပါက ခန္ဓာကိုယ်တွင်းဓာတ်များ ဖောက်ပြန်တတ်ပါသည်။ ဥတုဘောဇနသင်္ဂဟ ဆေးကျမ်းပါ တိုင်းရင်းဆေးပညာအလိုအရ ဝါဆိုလနှင့် ဝါခေါင်လများသည် ပြင်ပလေ အားကြီးသောကြောင့် သည်းခြေဓာတ်ငုပ်တတ်၍ လေဓာတ်ပျက်ခြင်း၊ ဝမ်းမီးနှုံ့ခြင်း၊ အစာခြေချက် အားနည်းခြင်းများဖြစ်တတ်ပါသည်။

ပြင်ပလောကဓာတ်သည်လည်း ပူလိုက်၊ အေးလိုက်ဖြစ်နေတတ်ပြီး ပိုးမွှားများဖြစ်သော မှက်၊ ခြင်၊ ယင် သတ္တဝါများ ပေါက်သောလဖြစ်ပါသည်။ မိုးဥတုသည် အပူနှင့်အအေး ရောထွေးပြီး ဖောက်ပြန်သည့်အတွက် ခန္ဓာကိုယ်တွင်း အစာခြေချက်သော ဝမ်းမီးညှံ့တတ်၍ တိုင်းရင်းဆေးကျမ်းများအရ **"ရောဂါမူလံ အဇီဏ္ဏကံ"** ရောဂါဖြစ်ရခြင်းအကြောင်းများသည် အစာမကြေကျက်ခြင်းကြောင့်သော်လည်းကောင်း၊ အပူအအေးမမျှတခြင်းကြောင့်သော်လည်းကောင်း၊ မိုးဥတုတွင် ရောဂါအဖြစ်များတတ်ပါသည်။

မိုးဥတုတွင် အဖြစ်များသည့် ရောဂါများအနက် အအေးမိတုပ်ကွေးဖျားရောဂါ ဖြစ်ရခြင်းမှာ တိုင်းရင်းဆေးပညာသဘောတရားအရ မိုးဥတု လေးလတာကာလသည် တေဇောဓာတ်နှင့် ဝါယောဓာတ် ဓာတ်ပြိုင်ကာလဖြစ်ခြင်း၊ ဝါယောဓာတ်ထကြွပြီးတေဇောဓာတ် အကျဉ်းကျခြင်းကြောင့်ဖြစ်ပြီး တစ်နည်းအားဖြင့် သည်းခြေဓာတ်ငုပ်ပြီး လေဓာတ်ပျက်နေသည့်ကာလ ဖြစ်သောကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရ သမုဋ္ဌာန်လေးပါးကို လွန်ယုတ်လွဲမှားစွာ ပြုမူကြသောကြောင့် ရောဂါဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

ထို့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာတွင် ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများဖြစ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတ လိုက်လျောညီထွေစွာနေထိုင်၊ ကျင့်ကြံ၊ ပြုမူ၊ စားသောက်ခြင်းကို ဂရုတစိုက်ပြုမူဆောင်ရွက်သင့်ပါသည်။

မိုးဥတုတွင် မိမိ၏ ရုပ်သဘောဓာတ်ခံကို ကြည့်ပြီး ကံ၊ စိတ်၊ ဥတု၊ အာဟာရ အလိုအရ ပြုမူနေထိုင်စားသောက်ရပါမည်။ မိုးမမိစေရန်အတွက် ခြောက်သွေ့သောနေရာများတွင် နေထိုင်ခြင်း၊ မိုးရွာထဲသွားလာခြင်းများရှိပါက ထီး၊ ဦးထုပ်၊ မိုးကာများဆောင်ခြင်း၊ မိုးမိပါက ခြောက်သွေ့အောင် ဂရုစိုက်ခြင်းတို့ကိုဆောင်ရွက်ရပါမည်။

မိုးအလွန်ရွာနေပါက အပြင်မထွက်ခြင်း၊ အအေးမမိအောင် နေထိုင်ခြင်း၊ အနွေးထည်ဝတ်ခြင်း၊ အစားအသောက်များကို ပူနွေးစွာ စားသောက်ခြင်းများကို ပြုလုပ်ရပါမည်။ ထို့ပြင် တိုင်းရင်းဆေးကျမ်းများနှင့် သမားတော်များ၏ အလိုအရ ဥတုအလိုက် "နွေကိုး၊ မိုးတစ်ဆယ်၊ ဆောင်းဆယ့်တစ် ရေချိုးစနစ်" ဆိုသည့်အတိုင်း မိုးဥတုတွင် အများအားဖြင့် နံနက် ၁၀ နာရီတွင် ရေချိုးပေးလျှင် သင့်တော်ပါသည်။ ရှေးသမားတော်များ၏ နွေချို၊ မိုးခါး၊ ဆောင်းချဉ်တိုင်းရင်းဆေးနည်းစဉ်ဆိုသည့် အရသာများအတိုင်း မိုးဥတုတွင် အခါးအရသာရှိသော အစားအစာများကို ကျန်းမာနေသူများအဖို့ စားသုံးပေးရန်လည်း သင့်တော်ပါသည်။

ဥတုဘောဇနသင်္ဂဟ ဆေးကျမ်းအလိုအရ မိုးဥတုတွင် ချွေးအောင်းခြင်း၊ အနှိပ်နင်းခံခြင်း၊ ကရမက်၊ ကတိုး၊ ကုံကုမံ၊ အမွှေးနံ့သာများကို လိမ်းကျံသင့်ပါသည်။ အစာကြေလွယ်သော ပူဆိမ့်ခါးစပ် အစာအာဟာရများကို စားသောက်သင့်ပြီး ကုန်းနေသတ္တဝါများ၏ အသားများ ကြက်သား၊ ဆိတ်သား၊ ဆတ်သား၊ အမဲသား၊ ချေသားများ စားသင့်ပါသည်။ ကြက်သွန်ဖြူ၊ ချင်း၊ ငရုတ်ကောင်းများကို အစားအစာများထဲတွင် သင့်တော်သလို ထည့်စားပေးရန်ဖြစ်ပြီး ရေနွေးများများ သောက်ရပါမည်။ အထူးသဖြင့် အနာဂတ်၏ လူငယ်များနှင့် ကလေးငယ်များအား အသား၊ ဟင်းသီးဟင်းရွက်များ အာဟာရမျှတအောင် ကျွေးမွေးရပါမည်။ အသီးအရွက်များများကျွေးပါ။

ကလေးငယ်များကို အစာမကြေစာများ မကျွေးရပါ။ ဆေးအနေဖြင့် မိုးဥတုတွင် ကြစုသီး၊ သိန္ဓောတို့ကဲ့သို့ ပါဝင်သောဆေးများ စားသင့်ပါသည်။ ချဉ်သောအစာများ၊ ဖျော်ရည်အေးအေးနှင့် ဆီကြော်များ၊ ဒိန်ချဉ်ခဲ၊ ငှက်ပျောသီး၊ လိမ္မော်သီးများ ရှောင်ကြဉ်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဂရုစိုက်ပါ။ အမှည့်လွန်သော သစ်သီးများ၊ ယင်နားစာများ၊ ဝမ်းနူးစာများ၊ မသန့်ရှင်းသော အစားအစာများ၊ မလတ်ဆတ်သော အစားအစာများကို ရှောင်ကြဉ်၍ မိုးမိခြင်း၊ အလွန်အမင်း အအေးခံခြင်းများ မပြုလုပ်ဖို့လည်း လိုအပ်ပါသည်။

ထို့ပြင် လူသားတို့၏ ရုပ်ခန္ဓာသည် စိတ်၏ ဦးဆောင်မှုအလိုအတိုင်း ဖြစ်ပျက်တည်ရှိနေပေသည်။ အမျက်ဒေါသကြီးခြင်း၊ စိတ်သောကများခြင်းနှင့် စိတ်အားငယ်ခြင်းတို့ကို ရှောင်ရှား၍ မေတ္တာပွားကာ သင့်တင့်စွာ နှလုံးသွင်းခြင်းဖြင့် ကျန်းမာရေးကို ကောင်းမွန်စေနိုင်သည့် စိတ်၏အကြောင်းတရားပင်ဖြစ်သောကြောင့် အထူးသဖြင့် မိုးဥတုတွင် စိတ်ကြောင့် ရောဂါများမဖြစ်အောင် စိတ်ကို အဆင်ပြေမျှတစွာ ထားတတ်စေရန်လည်း လိုအပ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သောအကြောင်းအရာများသည် မိုးဥတုတွင် ဖြစ်ပွားတတ်သော အအေးမိတုပ်ကွေးဖျားရောဂါအတွက် မဖြစ်မီ ကံ၊ စိတ်၊ ဥတု၊ အာဟာရ သမုဋ္ဌာန်အရ ကြိုတင်ကာကွယ်စောင့်ရှောက်ခြင်းနည်းလမ်းများ ဖြစ်ပါသည်။

ထိုသို့မဟုတ်ဘဲ ကံ၊ စိတ်၊ ဥတု၊ အာဟာရကို မျှတအောင် ပြုကျင့်ခြင်းမရှိပါက အအေးမိခြင်းကြောင့် ရာသီဥတုအပြောင်းအလဲတွင် ဖြစ်ပွားတတ်သော အအေးမိတုပ်ကွေးဖျားရောဂါ ဖြစ်ပါက အအေးမိတုပ်ကွေးဖျား ရောဂါလက္ခဏာများ ဖြစ်သည့် နှာစေးခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ နှာရည်ယိုခြင်း၊ ဖျားခြင်းများဖြစ်တတ်ပါသည်။ နှာစေးချောင်းဆိုးပါက ချောင်းဆိုးသက်သာစေရန် ကွမ်းရွက်၊ ကစော့ပုပ်ရွက် သတ္တုရည်ကို ဆားအနည်းငယ်ထည့်၍ လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာ တစ်နေ့သုံးကြိမ် တိုက်ပေးနိုင်ပါသည်။

လည်ချောင်းနာခြင်းဖြစ်ပါက ချင်းစိမ်းသတ္တုရည် လက်ဖက်ရည်ဇွန်း တစ်ဇွန်းကို ပျားရည် ဟင်းစားဇွန်းတစ်ဇွန်းဖြင့် ရောစပ်၍ တစ်နေ့သုံးကြိမ် သောက်ပေးနိုင်ပါသည်။ ထို့ပြင် နှာစေး၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ဖျားခြင်းများ တစ်ပြိုင်တည်းဖြစ်ပါက ကွမ်းရွက်သတ္တုရည်နှင့် ချင်းပြုတ်ရည် ဆတူရောစပ်၍ လက်ဖက်ရည်အကြမ်းပန်းကန်တစ်ဝက်ခန့် သောက်ပေးနိုင်ပါသည်။

နှာပိတ်ပါက နှာပွင့်စေရန်အတွက် ရှိန်းခိုကို အုန်းဆီဖြင့်ဖျော်၍ နှာဝနှင့် ငယ်ထိပ်တို့ကို အုပ်လိမ်းပေးနိုင်ပါသည်။ ရှူဆေးတစ်မျိုးမျိုး(သို့မဟုတ်) ရေနွေး၊ ဆား၊ မင်သော်၊ ကွမ်းရွက်၊ ပင်စိမ်းတို့ကို ဆတူရောစပ်ထားသော ရေနွေးငွေ့ကိုလည်း ရှူပေးနိုင်ပါသည်။ သို့မဟုတ် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက တုပ်ကွေးဖျားရောဂါအတွက် သုတေသနပြုလုပ်ထားသည့် မန္တလေးတိုင်းရင်းဆေးဝါးစက်ရုံမှ ထုတ်လုပ်ထားသော ဆေးနံ့သာတုပ်ကွေးအဖျားရောဂါပျောက်ဆေးကို တိုင်းရင်းဆေးပညာရှင်၏ ညွှန်ကြားချက်အရ သုံးစွဲနိုင်ပါသည်။

သို့ဖြစ်၍ ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ရန်အတွက် တိုင်းရင်းဆေးပညာအရ အထက်တွင် ရေးသားဖော်ပြထားသည့် နည်းလမ်းကောင်းများကို ဂရုစိုက်နေထိုင်သွားကြရန်နှင့် ရောဂါဖြစ်လာပါကလည်း တိုင်းရင်းဆေးပညာအရ စောင့်ရှောက်ရေးနည်းလမ်းကောင်းများကို လိုက်နာဆောင်ရွက်နိုင်ကြရန် ရေးသားတင်ပြလိုက်ပါသည်။ ။

**ကျမ်းကိုး-**

**ဥတုဘောဇနသင်္ဂဟကျမ်း/ အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်း လက်စွဲစာအုပ်/ လက်တွေ့အသုံးချဆေးဖက်ဝင်အပင်များပေါင်းချုပ် အတွဲ(၁)/ မြန်မာ့တိုင်းရင်းဆေးနှင့် တုပ်ကွေးရောဂါ လက်ကမ်းစာစောင်/ နရသုခိဆေးကျမ်း**

> ❖ **မြန်မာ့တိုင်းရင်းဆေးပညာတွင် ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများဖြစ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတ လိုက်လျောညီထွေစွာနေထိုင်၊ ကျင့်ကြံ၊ ပြုမူ၊ စားသောက်ခြင်းကို ဂရုတစိုက်ပြုမူဆောင်ရွက်သင့်**
>
> ❖ **ကံ၊ စိတ်၊ ဥတု၊ အာဟာရကို မျှတအောင် ပြုကျင့်ခြင်းမရှိပါက အအေးမိခြင်းကြောင့် ရာသီဥတုအပြောင်းအလဲတွင် ဖြစ်ပွားတတ်သော အအေးမိတုပ်ကွေးဖျား ရောဂါဖြစ်ပါက အအေးမိတုပ်ကွေးဖျား ရောဂါလက္ခဏာများဖြစ်သည့် နှာစေးခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ နှာရည်ယိုခြင်း၊ ဖျားခြင်းများဖြစ်တတ်**

## မော်လမြိုင်ကျွန်းမြို့နယ်၌ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာဖြန့်ဖြူးပေးအပ်

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၇**

မော်လမြိုင်ကျွန်းမြို့နယ်၌ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာ ဖြန့်ဖြူးပေးအပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို ယမန်နေ့က အမှတ်(၉)ရပ်ကွက် (၁၃)လမ်းရှိ စိုက်ပျိုးရေးဂိုဒေါင်၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြောမာန်ကျော်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်တို့က သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများထံ ဓာတ်မြေဩဇာဖြန့်ဖြူးပေးအပ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ရမည့် အစီအစဉ်နှင့် လိုက်နာရမည့် စည်းကမ်းချက်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ တောင်သူများထံ ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တောင်သူများအကြား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာရယူသုံးစွဲမှုနှင့် ပတ်သက်သည့် စာချုပ်များကို ချုပ်ဆိုခဲ့ကြသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

**အိမ်ပြင်ပဉ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း(၁၈၃)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

**စဉ် မြန်မာစံချိန်စံညွှန်းများ**

၁။ MMS IEC 60068-2-30:2025 ပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်ခြင်း - အပိုင်း (၂-၃၀) - စမ်းသပ်မှုများ-စမ်းသပ်မှု ဒီဘီ: စက်ဝန်းပုံစံ စိုထိုင်းမှုနှင့် အပူချိန်စစ်ဆေးခြင်း(၁၂ နာရီ + ၁၂ နာရီ စက်ဝန်း)

၂။ MMS IEC 60068-2-47:2005 ပတ်ဝန်းကျင်ဆိုင်ရာစမ်းသပ်ခြင်း - အပိုင်း(၂-၄၇)- စမ်းသပ်မှုများ- တုန်ခါမှု၊ သက်ရောက်မှုနှင့် အလားတူ ဒိုင်းနမစ်စမ်းသပ်မှုများအတွက် နမူနာပစ္စည်းများတပ်ဆင်ခြင်း

၃။ MMS IEC 60068-2-52:2017 ပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်ခြင်း - အပိုင်း (၂-၅၂)- စမ်းသပ်မှုများ- စက်ဝန်းပုံစံ ဆားငန်မှုန်စမ်းသပ်ခြင်း (ဆိုဒီယမ်ကလိုရိုက်ပျော်ရည်)

၄။ MMS IEC 60095-1:2018 ခဲ - အက်ဆစ် စက်နှိုးဘက်ထရီများ - အပိုင်း (၁) - အထွေထွေ လိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၅။ MMS IEC 60095-2:2021 ခဲ-အက်ဆစ် စက်နှိုးဘက်ထရီများ - အပိုင်း (၂) - ဘက်ထရီ၏ အတိုင်းအတာများ၊ ဘက်ထရီ အပေါင်း-အနုတ်ငုတ်၏ အတိုင်းအတာများနှင့် အမှတ်အသားများ

၆။ MMS IEC 60095-4:2021 ခဲ-အက်ဆစ် စက်နှိုးဘက်ထရီများ - အပိုင်း(၄) - မော်တော်ယာဉ် ကြီးများအတွက် ဘက်ထရီများ၏ အတိုင်းအတာများ

၇။ MMS IEC 60095-7:2019 ခဲ-အက်ဆစ် စက်နှိုးဘက်ထရီများ - အပိုင်း(၇) - မော်တော်ဆိုင်ကယ် ဘက်ထရီများအတွက် အထွေထွေလိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၈။ MMS IEC 60364-1:2025 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ -အပိုင်း(၁)- အခြေခံအချက်များ၊ အထွေထွေထူးခြားသည့်လက္ခဏာများ အကဲဖြတ်ခြင်းနှင့် အဓိပ္ပာယ် ဖွင့်ဆိုချက်များ

၉။ MMS IEC 60364 - 4 - 41: 2005 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ -အပိုင်း(၄-၄၁) -အန္တရာယ်ကင်းရှင်းရေးအတွက် ကာကွယ်ခြင်း -လျှပ်စစ်ဓာတ်လိုက်မှုဖြစ်ခြင်းမှ ကာကွယ်ခြင်း

၁၀။ MMS IEC 60364- 4- 43: 2023 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ - အပိုင်း (၄-၄၃) အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စီးလွန်ခြင်းမှ ကာကွယ်ခြင်း

၁၁။ MMS IEC 60364-5 - 51: 2005 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ- အပိုင်း(၅-၅၁) -လျှပ်စစ်ပစ္စည်းကိရိယာများရွေးချယ်ခြင်းနှင့် တပ်ဆင်ခြင်း -ယေဘုယျစည်းကမ်းများ

၁၂။ MMS IEC 60364- 5- 54: 2011 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာသွယ်တန်း တပ်ဆင်ခြင်းများ- အပိုင်း(၅ - ၅၄) လျှပ်စစ်ပစ္စည်းကိရိယာများရွေးချယ်ခြင်းနှင့် တပ်ဆင်ခြင်း - မြေစိုက်စနစ်အစီ အစဉ်များနှင့် အကာအကွယ် လျှပ်ကူးပစ္စည်းများ

၁၃။ MMS IEC 60364- 5- 56 :2018 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ- အပိုင်း(၅-၅၆) -လျှပ်စစ်ပစ္စည်းကိရိယာများ ရွေးချယ်ခြင်းနှင့် တပ်ဆင်ခြင်း - ဘေးအန္တရာယ် ကင်းရှင်းရေး ဝန်ဆောင်မှုများ

၁၄။ MMS IEC 60364-7-704: 2017 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ- အပိုင်း(၇-၇၀၄) - အထူးတပ်ဆင်ခြင်းများ သို့မဟုတ် နေရာများအတွက် လိုအပ်ချက်များ - တည်ဆောက်ခြင်းနှင့် ဖြိုချခြင်းလုပ်ငန်းခွင် သွယ်တန်းတပ်ဆင်ခြင်းများ

၁၅။ MMS IEC 60364-7-705: 2006 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ- အပိုင်း(၇-၇၀၅) အထူးတပ်ဆင်ခြင်းများ သို့မဟုတ် နေရာများအတွက် လိုအပ်ချက်များ၊ စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံနှင့် ဆက်စပ်လျက်ရှိသော ပိုင်နက်

၁၆။ MMS IEC 60364- 7-722: 2018 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ- အပိုင်း (၇ - ၇၂၂) အထူးတပ်ဆင်ခြင်းများ သို့မဟုတ် နေရာများအတွက် လိုအပ်ချက်များ - လျှပ်စစ်သုံးယာဉ်များအတွက် ဓာတ်အားပေးခြင်းများ

၁၇။ MMS IEC 60896-11:2002 အထိုင်ချအသုံးပြုသော ခဲ-အက်ဆစ်ဘက်ထရီများ - အပိုင်း(၁၁)- ဂတ်စ်/အငွေ့ ထွက်ပေါက်ပါသော အမျိုးအစားများ - အထွေထွေလိုအပ်ချက်များနှင့် စမ်းသပ် နည်းလမ်းများ

၁၈။ MMS IEC 60896-21:2004 အထိုင်ချအသုံးပြုသော ခဲ-အက်ဆစ်ဘက်ထရီများ - အပိုင်း (၂၁)- အဆို့ရှင်တပ် အမျိုးအစားများ - စမ်းသပ်နည်းလမ်းများ

၁၉။ MMS IEC 60896-22:2004 အထိုင်ချအသုံးပြုသော ခဲ-အက်ဆစ်ဘက်ထရီများ - အပိုင်း (၂၂)- အဆို့ရှင်တပ် အမျိုးအစားများ - လိုအပ်ချက်များ

၂၀။ MMS IEC 61215-1-1: 2021 မြေပြင်ပေါ်ရှိ ဖိုတိုဗို့လ်တစ်မော်ဂျူးများ - ဒီဇိုင်း အရည်အသွေးနှင့် အမျိုးအစား အတည်ပြုခြင်း - အပိုင်း (၁-၁) - ခရစ်တယ်လိုင်း စီလီကွန် ဖိုတိုဗို့လ်တစ် မော်ဂျူး များ စမ်းသပ်ခြင်းအတွက် အထူးလိုအပ်ချက်များ

၂၁။ MMS IEC 61215 - 1 - 2: 2021 မြေပြင်ပေါ်ရှိ ဖိုတိုဗို့လ်တစ်မော်ဂျူးများ - ဒီဇိုင်း အရည်အသွေး နှင့် အမျိုးအစားခွင့်ပြုချက်-အပိုင်း(၁-၂)-သင်းဖလင်ကဒ်မီယမ်တယ်လာရိုဒ် အခြေပြု ဖိုတိုဗို့လ် တစ်မော်ဂျူးများ စမ်းသပ်ခြင်းအတွက် အထူးလိုအပ်ချက်များ

၂၂။ MMS IEC 61326- 1: 2020 တိုင်းတာခြင်း၊ ထိန်းချုပ်ခြင်းနှင့် ဓာတ်ခွဲခန်း အသုံးပြုခြင်းဆိုင်ရာ လျှပ်စစ်ပစ္စည်းကိရိယာများ- လျှပ်စစ်သံလိုက်လှိုင်း သဟဇာတဖြစ်မှု (အီးအမ်စီ) လိုအပ်ချက်များ- အပိုင်း(၁) - အထွေထွေလိုအပ်ချက်များ

၂၃။ MMS IEC 61643-32: 2017 ဗို့အားနိမ့်အတွက် လျှပ်စစ်ဒီလှိုင်း (surge) ကာကွယ်ရေးဆိုင်ရာ ကိရိယာများ - အပိုင်း(၃၂) - ဖိုတိုဗို့လ်တစ် သွယ်တန်းတပ်ဆင်ခြင်းများတွင် ဒီစီဘက်နှင့်ချိတ်ဆက် ထားသော အလွန်မြင့်မားသည့်ပမာဏရှိသော လျှပ်စစ်ဒီလှိုင်း (surge) ကာကွယ်ရေးဆိုင်ရာ ကိရိယာများ - ရွေးချယ်မှုနှင့် အသုံးပြုနိုင်မှုဆိုင်ရာ စည်းမျဉ်းများ

၂၄။ MMS IEC 62052-11:2020 လျှပ်စစ်မီတာတိုင်းတာရေးကိရိယာများ - အထွေထွေလိုအပ်ချက် များ၊ စမ်းသပ်မှုများနှင့် စမ်းသပ်မှုအခြေအနေများ - အပိုင်း (၁၁) - တိုင်းတာရေးကိရိယာများ

၂၅။ MMS IEC 62053-11:2003 လျှပ်စစ်မီတာတိုင်းတာရေးကိရိယာများ - အထူးလိုအပ်ချက်များ- အပိုင်း (၁၁) - လျှပ်စစ်စွမ်းအင်များအတွက် electromechanical မီတာများ (အတန်းအစားများ ၀၊ ၅၊ ၁ နှင့် ၂)

၂၆။ MMS IEC 62053-21:2020 လျှပ်စစ်မီတာတိုင်းတာရေးကိရိယာများ - အထူးလိုအပ်ချက်များ- အပိုင်း (၂၁) - အေစီလှုပ်ရှားစွမ်းအင်များအတွက် Static မီတာများ (အတန်းအစားများ ၀၊ ၅၊ ၁ နှင့် ၂)

၂၇။ MMS IEC 62053-22:2020 လျှပ်စစ်မီတာတိုင်းတာရေး ကိရိယာများ - အထူးလိုအပ်ချက်များ- အပိုင်း (၂၂)- အေစီလှုပ်ရှားစွမ်းအင်များအတွက် Static မီတာများ (အတန်းအစားများ ၀၊ ၁S၊ ၀၊ ၂S နှင့် ၀၊ ၅S)

၂၈။ MMS IEC 62093:2022 ဖိုတိုဗို့လ်တစ်စနစ် လျှပ်စစ်ဓာတ်အား ပြောင်းလဲခြင်းဆိုင်ရာ ပစ္စည်း ကိရိယာ - ဒီဇိုင်းအရည်အသွေးနှင့် အမျိုးအစားအတည်ပြုခြင်း

၂၉။ MMS IEC 62109 - 2:2011 ဖိုတိုဗို့လ်တစ် လျှပ်စစ်ဓာတ်အားစနစ်များတွင် အသုံးပြုရန် ဒီစီမှ အေစီ လျှပ်မျိုးပြောင်းကိရိယာများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး - အပိုင်း(၂) ဒီစီမှ အေစီ လျှပ်မျိုးပြောင်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ

၃၀။ MMS IEC 62116:2014 အများပြည်သူသုံး ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသော ဖိုတိုဗို့လ်တစ် လျှပ်မျိုးပြောင်းကိရိယာများ - အများပြည်သူသုံး ဓာတ်အားလိုင်း ပြတ်တောက်သွားသော်လည်း လျှပ်မျိုးပြောင်းကိရိယာမှ လျှပ်စစ်ဓာတ်အားဆက်လက်ထုတ်လွှတ်နေပြီး ဓာတ်အားဖြန့်ဖြူး နေခြင်းကို တားဆီးကာကွယ်ရေးအစီအမံများနှင့်ပတ်သက်၍ စမ်းသပ်သည့်လုပ်ငန်းစဉ်

၃၁။ MMS IEC 62196-1:2025 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့်ပလပ်များ၊ ပလပ်ပေါက် များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ - အပိုင်း (၁) - အထွေထွေလိုအပ်ချက်များ

၃၂။ MMS IEC 62196-2:2025 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့်ပလပ်များ၊ ပလပ်ပေါက် များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ - အပိုင်း (၂) - အေစီငုတ်နှင့် ချိတ်ဆက် ပြွန် ဆက်စပ်ပစ္စည်းများအတွက် တွဲဖက်အသုံးပြုနိုင်သည့် အတိုင်းအတာ လိုအပ်ချက်များ

၃၃။ MMS IEC TS 62196-3-1:2020 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့်ပလပ်များ၊ ပလပ် ပေါက်များ - ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ - လျှပ်စစ်သုံးယာဉ်များ လျှပ်ကူး အားသွင်းခြင်း - အပိုင်း (၃-၁) - အပူစီမံခန့်ခွဲမှုစနစ်တွင် ဒီစီလျှပ်ကူး အားသွင်းရန်အတွက် ယာဉ်ချိတ်ဆက်ပစ္စည်းများ၊ ယာဉ်အားသွင်းပေါက်များနှင့် ကေဘယ်(လ်) အစုအဖွဲ့များ

၃၄။ MMS IEC 62281:2019 သယ်ယူပို့ဆောင်ခြင်းတွင် မူလနှင့်ဆင့်ပွားလစ်သီယမ်-အိုင်းယွန်း ဆဲလ်များနှင့် ဘက်ထရီများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး

၃၅။ MMS IEC TR 62660-4:2017 လျှပ်စစ်သုံးယာဉ်များကို တွန်းကန်ရန်အတွက် အသုံးပြုသည့် ဆင့်ပွားလစ်သီယမ်-အိုင်းယွန်းဆဲလ်များ - အပိုင်း (၄) - IEC 62660-3 ၏ အတွင်းပိုင်းပတ်လမ်း စမ်းသပ်ခြင်းအတွက် သီးခြားအစားထိုး စမ်းသပ်နည်းများ

၃၆။ MMS IEC 62752:2024 လမ်းပေါ်ရှိ လျှပ်စစ်သုံးယာဉ်များကို အားသွင်းခြင်း ပုံစံ (၂) အတွက် ကေဘယ်(လ်)ကြိုးအတွင်း ထိန်းချုပ်မှုနှင့် အကာအကွယ်ကိရိယာ (IC-CPD)

၃၇။ MMS IEC 62893-1:2017 ၀.၆/၁ ကီလိုဗို့အထိ အဆင့်သတ်မှတ်ထားသော ဗို့အားများအတွက် လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းကြိုးများ - အပိုင်း (၁)- အထွေထွေ လိုအပ်ချက်များ

၃၈။ MMS IEC 62893-2:2017 ၀.၆/၁ ကီလိုဗို့အထိ အဆင့်သတ်မှတ်ထားသော ဗို့အားများအတွက် လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းကြိုးများ - အပိုင်း(၂) - စမ်းသပ်ခြင်း နည်းလမ်းများ

၃၉။ MMS IEC 62893-3:2017 ၀.၆/၁ ကီလိုဗို့အထိ အဆင့်သတ်မှတ်ထားသော ဗို့အားများအတွက် လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းကြိုးများ - အပိုင်း (၃)- ၄၅၀/၇၅၀ ဗို့အားအထိ အဆင့် သတ်မှတ်ထားသည့် ဗို့အားများဖြစ်သော IEC 61851-1 အားသွင်းခြင်းပုံစံ ၁၊ ၂ နှင့် ၃ အရ AC အားသွင်းခြင်းအတွက် ကေဘယ်(လ်)များ

၄၀။ MMS IEC 62909-1:2025 နှစ်ထပ် ဂရစ်ချိတ်ဆက်ထားသော ပါဝါလွှဲပြောင်းစက်များ - အပိုင်း (၁) - အထွေထွေနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များ

၄၁။ MMS IEC 62909-2:2019 နှစ်ထပ်ဂရစ်ချိတ်ဆက်ထားသော ပါဝါပြောင်းစက်များ - အပိုင်း (၂) - GCPC ၏ မျက်နှာပြင်နှင့် ဖြန့်ဝေထားသော စွမ်းအင်အရင်းအမြစ်များ

၄၂။ MMS IEC 63110-1:2022 လျှပ်စစ်သုံးယာဉ်များကို အားသွင်းခြင်းနှင့် အားသွင်းခြင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို စီမံခန့်ခွဲခြင်းအတွက် အစီအစဉ် - အပိုင်း (၁)- အခြေခံအဓိပ္ပာယ် ဖွင့်ဆိုချက်များ၊ အသုံးပြုမှုကိစ္စရပ်များနှင့် တည်ဆောက်ပုံများ

၄၃။ MMS IEC 63119-1:2025 လျှပ်စစ်သုံးယာဉ်အားသွင်းခြင်း roaming ဝန်ဆောင်မှုအတွက် အချက်အလက်ဖလှယ်ခြင်း - အပိုင်း (၁) - အထွေထွေ

၄၄။ MMS IEC 63330-1:2024 စွန့်ပစ်ဘက်ထရီများ ပြန်လည်အသုံးချခြင်း - အပိုင်း (၁) - အထွေထွေ လိုအပ်ချက်များ

၄၅။ MMS ISO 6469-1:2019 လျှပ်စစ်သုံးယာဉ်များ - ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ် ချက်များ - အပိုင်း (၁) - အားပြန်ဖြည့်နိုင်သော စွမ်းအင်သိုလှောင်မှုစနစ် (RESS)

၄၆။ MMS ISO 6469-2:2022 လျှပ်စစ်သုံးယာဉ်များ - ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ် ချက်များ - အပိုင်း (၂) - ယာဉ်အသုံးပြုနေစဉ် ဘေးအန္တရာယ်ကင်းရှင်းရေး

၄၇။ MMS ISO 6469-3:2021 လျှပ်စစ်သုံးယာဉ်များ - ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ် ချက်များ - အပိုင်း (၃) - လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

၄၈။ MMS ISO 6469-4:2015 လျှပ်စစ်သုံးယာဉ်များ - ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ် ချက်များ - အပိုင်း (၄) - မတော်တဆဖြစ်ပြီးစဉ် လျှပ်စစ်ဘေးအန္တရာယ် ကင်းရှင်းရေး

၄၉။ MMS ISO 7588-1:1998 လမ်းအသုံးပြုယာဉ်များ - လျှပ်စစ်/အီလက်ထရောနစ် ခလုတ်ထိန်း ကိရိယာများ- အပိုင်း (၁) - ရီလေးများနှင့် ဖွင့်ပိတ်အချက်ပြမီးများ

၅၀။ MMS ISO 7588-2:1998 လမ်းအသုံးပြုယာဉ်များ - လျှပ်စစ်/အီလက်ထရောနစ် ခလုတ် ထိန်းကိရိယာများ- အပိုင်း (၂) -အီလက်ထရောနစ်ကိရိယာများ

၅၁။ MMS ISO 7588-3:1998 လမ်းအသုံးပြုယာဉ်များ - လျှပ်စစ်/ အီလက်ထရောနစ် ခလုတ်ထိန်း ကိရိယာများ- အပိုင်း (၃) - မိုက်ခရိုရီလေးများ

၅၂။ MMS ISO/TR 8713:2019 လျှပ်စစ်သုံးယာဉ်များ - ဝေါဟာရများ

၅၃။ MMS ISO 8714:2023 လျှပ်စစ်သုံးယာဉ်များ - ရည်ညွှန်းစွမ်းအင်သုံးစွဲမှုနှင့် မောင်းနှင်နိုင်သော အကွာအဝေး - ခရီးသည်တင်ယာဉ်များနှင့် ပေါ့ပါးသည့်လုပ်ငန်းသုံးယာဉ်များအတွက် စမ်းသပ်မှု ဆိုင်ရာနည်းစဉ်များ

*(ဆက်လက်ဖော်ပြပါမည်)*

# လူမှုကွန်ရက်ပေါ်တွင် လိင်တူအချင်းချင်းချစ်ကြိုက်သည့် BL (Boys’ Love), GL (Girls’ Love ) စာအုပ်များ ကြော်ငြာရောင်းချနေသည့် Facebook Page များအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ Facebook Page (၉) ခုသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)ပါ “ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ထုတ်ဝေသူသည် ၎င်းထုတ်ဝေသောမည်သည့်ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ပေးပို့ရမည်” ဆိုသည့် ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ ပုဒ်မ ၁၅ ပါ “မည်သူမျှ သက်ဆိုင်ရာလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ” ဆိုသည့် တားမြစ်ချက်ကိုလည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီခြင်းမရှိဘဲ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော လိင်တူအချင်းချင်းချစ်ကြိုက်သည့် BL(Boys’ Love), GL(Girls’ Love) စာအုပ်များကို ရောင်းချနေသည့် တရားမဝင်စာမျက်နှာများဖြစ်ကြောင်း တွေ့ရှိရပါသည်-

| စဉ် | အမည် | Facebook Page Link | Telegram Link | TikTok Link | မှတ်ချက် |
|---|---|---|---|---|---|
| (က) | ရွှေအိမ် စာပေ | https://www.facebook.com/share/p/1CiwhaS2oz/ | - | https://www.tiktok.com/@shweeain12200?_r=1&_t=ZS-98ys3wpx Tme | ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရယူထားမှုမရှိခြင်း၊ ထုတ်ဝေစာများကို ဝန်ကြီးဌာနသို့ ပေးပို့ထားခြင်းမရှိသည့်အပြင် ပုံနှိပ်မှတ်တမ်းဖော်ပြထားခြင်းမရှိသော BL (Boys’ Love), GL (Girls’ Love) စာအုပ်များကို အွန်လိုင်းတွင် ကြော်ငြာရောင်းချနေခြင်း။ |
| (ခ) | ဆူးခေတ် စာပေ | https://www.facebook.com/share/p/1946LzyTJt/ | @hsuukbook (Personal Acc) | https://www.tiktok.com/@hsuukhit?_r=1&_t=ZS-98ysH6qSFWv | ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားမှုမရှိခြင်း၊ ထုတ်ဝေစာများကို ဝန်ကြီးဌာနသို့ ပေးပို့ထားခြင်းမရှိသည့်အပြင် ပုံနှိပ်မှတ်တမ်း ဖော်ပြထားခြင်းမရှိသော BL (Boys’ Love), GL (Girls’ Love) စာအုပ်များကို အွန်လိုင်းတွင် ကြော်ငြာရောင်းချနေခြင်း။ |
| (ဂ) | Chi စာပေ | https://www.facebook.com/share/p/1BhU2PQGSx | t.me/Qisarpay | https://www.tiktok.com/@chi42299?_r=1&_t=ZS-98ys RadyfJ6 | ။ |
| (ဃ) | ဘဝထက် စာပေ | https://www.facebook.com/share/p/1DMhy3tXWA/ | t.me/bowahtetsarpay85 | https://www.tiktok.com/@bawahtetsarpay?_r=1&_t=ZS-98yse3r0yLV | ။ |
| (င) | ဧရိပ်-A Yeik | https://www.facebook.com/share/p/1EiNLPJCtZ/ | https://t.me/ayeikbookland | https://www.tiktok.com/@ayeik_?_r=1&_t=ZS- 98 yspUr1ANI | ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားမှုမရှိခြင်း၊ ထုတ်ဝေစာများကို ဝန်ကြီးဌာနသို့ ပေးပို့ထားခြင်းမရှိသည့်အပြင် ပုံနှိပ်မှတ်တမ်း ဖော်ပြထားခြင်းမရှိသော BL (Boys’ Love), GL (Girls’ Love) စာအုပ်များကို အွန်လိုင်းတွင် ကြော်ငြာရောင်းချနေခြင်း။ |
| (စ) | Alora Eleven Book House | https://www.facebook.com/share/p/1LD4Y5bocx/ | https://t.me/aloraelevenbookhouse | https://www.tiktok.com/@aloraelevenbookhouse?_r=1&_t=ZS-98ysvqnip WO | ။ |
| (ဆ) | Libra Book Shop (Chuu Sein) | https://www.facebook.com/share/p/1BhRSdW96M/ | https://t.me/librabookshop131124 | https://www.tiktok.com/@daw.chuu.sein?_r=1&_t=ZS-98yt0ze 2x3U | ။ |
| (ဇ) | Nway Oo Kant Kaw-နွေဦးကံ့ကော်စာအုပ်ဆိုင် | https://www.facebook.com/share/p/1DBUaZbRBN/ | https://t.me/Nwayookantkawbook | https://www.tiktok.com/@nwayookantkawbookshop?_r=1&_t=ZS-98yt4B QnGq5 | ။ |
| (ဈ) | Z For Zodiac | https://www.facebook.com/share/p/18jzmoddiS/ | @zforzodiac25 | https://www.tiktok.com/@zforzodiac3?_r=1&_t=ZS-98yt905 eN3k | ။ |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာ၍ စိစစ်ကြပ်မတ်လျက်ရှိပါကြောင်းနှင့် အဆိုပါဥပဒေ စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော ထုတ်ဝေစာများကိုထုတ်ဝေသည့် ပုံနှိပ်သူ၊ ထုတ်ဝေသူများ၊ ပုံနှိပ်မှတ်တမ်းဖော်ပြထားခြင်းမရှိသည့် တရားမဝင်ထုတ်ဝေစာများကို ရောင်းချနေသည့် စာအုပ်အရောင်းဆိုင်များအား တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူ၊ ထုတ်ဝေသူများနှင့် BL(Boys’ Love), GL(Girls’ Love) စာအုပ်များအား ရောင်းချနေသည့် တရားမဝင်စာအုပ်အရောင်းဆိုင်များ၊ Facebook Page များအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကို ဖောက်ဖျက်နေသည့် ထုတ်ဝေစာများကို ရောင်းချခြင်းပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## (၂၇-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၆,၇၆၃,၀၇၉.၂၁ | ၃၆,၇၈၄,၄၄၇.၉၄ | ၂၈,၅၈၉,၀၁၂.၇၀ | - |

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ငဖဲမြို့နယ် ပန်းထိမ်းကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များ ဆောင်ရွက်ပေး

ငဖဲ ဩဂုတ် ၂၇



မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်မှုကို ဩဂုတ် ၂၆ ရက်က ပန်းထိမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးသန်းငွေး က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပြောကြားပြီး မြို့နယ်ရုံးဝန်ထမ်းများက အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသားကျောင်းသူ ၉၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသ ကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ချင်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ- တစ်ပွဲဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။ **သတင်းစဉ်**



● *ကျောဖုံးမှ*

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၂ ရက် ည ၁၁ နာရီခွဲတွင် သတင်းအရ သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် ထက်အောင် မောင်းနှင်ပြီး တိုးတက်အောင် လိုက်ပါလာသော NISSAN ၁၂ ဘီး မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၅ ဒသမ ၂၈ သန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၇ ဒသမ ၉၂ ဘီလီယံ) ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား တောင်ကြီးမှ ရန်ကုန်သို့ သယ်ဆောင်ခိုင်းသူမှာ အောင်ပန်းမြို့ (၃)ရပ်ကွက်နေ ခွန်ရဲထွဋ်(ခ) ရဲထွဋ်(ဖမ်းဆီးရန်ကျန်) ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**

❑ *ကျောဖုံးမှ*

ဂယ်ဆင်ကိုစတာသည် ပေါ်တူဂီ ယူ-၁၈၊ ယူ-၁၉ နှင့် ယူ-၂၀ လူငယ်လက်ရွေးစင်အသင်းများတွင် ရွေးချယ်ခံခဲ့ရသူဖြစ်ပြီး နိုင်ငံအသင်းအတွက် ၂၁ ပွဲ ပါဝင်ကစားကာ ခြောက်ဂိုး သွင်းယူပေးခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ပေါ်တူဂီထိပ်သီးကလပ်များဖြစ်သည့် စပို့တင်းနှင့် ဘင်ဖီကာ အသင်းတို့၏ လူငယ်အကယ်ဒမီများမှတစ်ဆင့် ကစားသမားဘဝကို စတင်ခဲ့သူဖြစ်ပြီး အဆိုပါအသင်းများနှင့်အတူ ဥရောပလူငယ်ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၁၅ ပွဲ ပါဝင်ယှဉ်ပြိုင်ကာ သုံးဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။

ဂယ်ဆင်ကိုစတာသည် ဘင်ဖီကာလူငယ်အသင်းတွင် မန်စီးတီး ကြယ်ပွင့်များဖြစ်သည့် ရူဘင်ဒီယက်စ်၊ အီဒါဆန်တို့နှင့်အတူ တွဲဖက်ကစားခဲ့သလို ပေါ်တူဂီကလပ်များဖြစ်သည့် ဘင်ဖီကာ (ခ)၊ ဘိုအာဗစ်တာ၊ အက်စတိုးရီးလ်တို့အပြင် ဆော်ဒီ၊ ကာဇက်စတန်၊ လက်ဘနွန်၊ အင်ဒိုနီးရှားနှင့် မော်လ်တာကလပ်များတွင်လည်း လှည့်လည်ကစားခဲ့သည့် အတွေ့အကြုံရင့် ကစားသမားတစ်ဦးဖြစ်သည်။

လက်ရှိတွင် အတွေ့အကြုံရင့် ကွင်းလယ်လူ ဂယ်ဆင်သည် ရန်ကုန်စီးတီးအသင်း၏ ထိုင်းနိုင်ငံခရီးစဉ်အတွင်း အသင်းနှင့် လာရောက်ပူးပေါင်းခဲ့ပြီး ရာသီသစ်အတွက် အသင်းဖော်များနှင့်အတူ လေ့ကျင့်မှုများ အရှိန်အဟုန်မြှင့် ပြုလုပ်လျက်ရှိသည်။ **နေမျိုး၊ ဓာတ်ပုံ-YCFC**

◆ *ကျောဖုံးမှ*

တန်မိုင် (Focus Power) က ချစ်လင်းဇော် (Paing Club) ကို လည်းကောင်း၊ ၇၅ ကီလိုတန်းတွင် ကျော်ရဲလင်း(ကျိုက္ကလဲ့/ ရွှေကျင်)က ရဲနိုင်ဝင်း(ပြင်ပ)ကို လည်းကောင်း၊ ၈၀ ကီလိုတန်းတွင် ကောင်းထက်ဇော် (DOJO-9)က ခိုင်လင်း (ကျိုက္ကလဲ့/ ရွှေကျင်)ကို လည်းကောင်း၊ အမျိုးသမီး ပြိုင်ပွဲ၏ ၅၄ ကီလိုတန်း ဗိုလ်လုပွဲတွင် သဉ္ဇာမင်း(လှိုင်သာယာ)က နော်အဲဆဲဖော(တောင်ဥက္ကလာ)ကို အနိုင်ရခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် အမျိုးသား ၅၁ ကီလိုတန်းတွင် ပြည့်ဖြိုးမောင် (ကျားမနိုင်)က ဖိုးလပြည့်(ပြည်ထဲရေး)ကို လည်းကောင်း၊ ညဏ်လင်းထက်(MBC)က ခန့်ဇော်သူ(တောင်ဥက္ကလာ)ကိုလည်းကောင်း၊ ၅၄ ကီလိုတန်းတွင် မျိုးမြတ်(MBC) က ဘုန်းမြင့်မိုရ်ထွန်း (Paing Club) ကို လည်းကောင်း၊ ဇော်ဒူလ(Python တော်ဝင်ရော)က ဇော်ထက်အောင် (MAF)ကို လည်းကောင်း၊ ၅၇ ကီလိုတန်းတွင် ဇဖဲထန် (Paing Club)က လင်းလင်းထွန်း (ANP)ကို လည်းကောင်း၊ ကျော်စွာမင်း (ကျိုက္ကလဲ့/ ရွှေကျင်) က ကျော်မင်းလွင်(ZEAL)ကို လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် မိတုံထွယ်ရှောင် (Python တော်ဝင်ရော)က လင်းခန့်မောင်မောင် (ပြည်ထဲရေး)ကို လည်းကောင်း၊ ဇော်လင်းထွေး (MAF)က သက်မောင်မောင် (ANP)ကို လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

အဆိုပါပွဲစဉ်များ၏ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၈ ရက်**(ယနေ့)**တွင် ပဒေသာလက်ဝှေ့ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုး၊ ဓာတ်ပုံ-YGB**

❊ *ကျောဖုံးမှ*

ဒဂုံစတားနှင့် ဟံသာဝတီ(သီဟဒီပကွင်း)၊ ဧရာဝတီနှင့် ISPE (ပုသိမ်ကျောက်တိုင်ကွင်း)၊ ဩဂုတ် ၃၀ ရက်တွင် ရန်ကုန်ယူနိုက်တက်နှင့် စစ်ကိုင်းယူနိုက်တက် (Y.U.S.C ကွင်း)၊ ရန်ကုန်စီးတီးနှင့် ရှမ်းယူနိုက်တက် (ပဒေသာကွင်း)တို့တွင် အသီးသီး အကြိတ်အနယ် ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

လာမည့်ဘောလုံးရာသီ၌ M League ချန်ပီယံအသင်း အပါအဝင် အဆင့် (၁)မှ (၁၂) အထိ အသင်းများအား ရပ်တည်မှုအလိုက် Ranking Subsidy များ တိုးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။ ထို့ပြင် M League နှင့် လိဂ်-၂ ပြိုင်ပွဲများမှ ပွဲစဉ်တစ်ပွဲချင်းစီ၏ အကောင်းဆုံး ကစားသမားဆုများကို ကျပ်ဆယ်သိန်းနှင့် ကျပ်ငါးသိန်း အသီးသီးသို့ လည်းကောင်း၊ တစ်ရာသီ ဂိုးသွင်းအများဆုံး ကစားသမားဆုများကို ကျပ်သိန်းတစ်ရာနှင့် ကျပ်သိန်းငါးဆယ် အသီးသီးသို့လည်းကောင်း ယခင်ထက် ဆုကြေးငွေများ တိုးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

ထို့ကြောင့် ကလပ်အသင်းအသီးသီးက အပြိုင်အဆိုင် ခေါ်ယူအားဖြည့်ထားသည့် ပြည်တွင်း၊ ပြည်ပ ကစားသမားများနှင့်အတူ တိုးမြှင့်လိုက်သည့် Ranking Subsidy နှင့် ဆုကြေးငွေများကြောင့် အသင်းများ၏ အဆင့်ကောင်းရရှိရေးကြိုးပမ်းမှု၊ ကစားသမားတစ်ဦးချင်းစီ၏ ခြေစွမ်းပြလိုမှုတို့ဖြင့် ယခင်နှစ်များထက် ပိုမိုအကြိတ်အနယ်ရှိသည့် ပွဲကောင်းများ မြင်တွေ့ရဖွယ်ရှိနေသည်။

M League ပြိုင်ပွဲတစ်လျှောက်တွင် ချန်ပီယံဆု ခုနစ်ကြိမ်ရရှိထားသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အအောင်မြင်ဆုံး ကလပ်အသင်းအဖြစ် ရပ်တည်လျက်ရှိသည်။ အလားတူ ရန်ကုန်ယူနိုက်တက်အသင်းက ချန်ပီယံဆု ငါးကြိမ်ဖြင့်လည်းကောင်း၊ ရတနာပုံ FC အသင်းက ချန်ပီယံဆုလေးကြိမ်ဖြင့် လည်းကောင်း အောင်မြင်မှုကိုယ်စီဖြင့် အစဉ်လိုက် ရပ်တည်နေကြသည်။ **နေမျိုး**

❍ *ကျောဖုံးမှ*

တန်ပြန်တိုက်စစ်ဆင်မှုအချို့ ပြုလုပ်နိုင်ခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ပြိုင်ဘက်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို သာ ဟန့်တားကာကွယ်ခဲ့ရသည်။

ရီးရဲမက်ဒရစ်အသင်းသည် ဩဂုတ် ၂၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ် (၂) တွင် အက်စ်ပန်ညိုအသင်းကို အကြိတ်အနယ် ယှဉ်ပြိုင်ပြီး လူစားဝင်တိုက်စစ်ကစားသမား အက်စပီ၏ နောက်ကျသွင်းဂိုးကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့ကြောင့် ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ် လာလီဂါပြိုင်ပွဲတွင် နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ် ခြောက်မှတ် ရရှိထားပြီဖြစ်သည်။ ပြိုင်ဘက်ဆိုစီဒက်အသင်းက နှစ်ပွဲကစား နှစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် စုဆောင်းထားနိုင်ခြင်း မရှိသေးပေ။ **အောင်ဇော်**

## တံတားဦးမြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး

**တံတားဦး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းပေါင်း ၁၂၁ ကျောင်းတွင် ပညာသင်ယူနေသော KG တန်းမှ ကျောင်းသား ကျောင်းသူ ၂၀၁၀ အား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး စတုတ္ထအကြိမ် ကျောင်းတွင်းနေ့လယ်စာ အာဟာရကျွေးမွေးမှုကို ယနေ့နံနက်ပိုင်းက စကားအင်းကျေးရွာ အထက(ခွဲ)နှင့် သဲမောင်းကန်ကျေးရွာ အလက(ခွဲ)တို့တွင် ဆောင်ရွက်ကြသည်။



အဆိုပါ ကျောင်းတွင်း အာဟာရကျွေးမွေးမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများနှင့် ဝန်ထမ်းများက KG တန်းမှ ကျောင်းသား ကျောင်းသူများအား အာဟာရ ကျွေးမွေးကြသည်။

**ရဲတင့်(ပြန်/ဆက်)**

## ကျိုက်လတ်၌ အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**ကျိုက်လတ် ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီမှ ယမန်နေ့က စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအနီးတွင် ဒေသခံပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် အခြေခံ စားသောက်ကုန်များဖြစ်သည့် ဆန်၊ ကြက်ဥ၊ စားသုံးဆီနှင့် ဆား၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စသည်တို့ကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ပြီး ဒေသခံပြည်သူများ ဝယ်ယူအားပေးနေမှုများကို တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝေထက်နှင့် ဦးစိန်မြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနအပါအဝင် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မျိုးဆက်သစ်ဉာဏ်ရည်တု အသုံးပြုနေသည့်ကလေးများ ထိခိုက်နစ်နာမှုမရှိစေရန် Google နှင့် ဂျပန် အမြင်ချင်းဖလှယ်

တိုကျို ဩဂုတ် ၂၇

**ဂျပန်နိုင်ငံ၏ ကလေးသူငယ်ရေးရာမူဝါဒဝန်ကြီးသည် မျိုးဆက်သစ်ဉာဏ်ရည်တု (Generative AI) အသုံးပြုနေသည့် ကလေးသူငယ်များကို ထိခိုက်နစ်နာမှုများမှ ကာကွယ်ပေးနိုင်ရေး ကြိုးပမ်းမှုများနှင့်ပတ်သက်၍ အမေရိကန်နည်းပညာကုမ္ပဏီကြီး Google ၏ အမှုဆောင်အရာရှိ တစ်ဦးနှင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။**

ဂျပန်ကလေးသူငယ်ရေးရာမူဝါဒဝန်ကြီး ကီကာဝါဒါ ဟီတိုရှီသည် ဩဂုတ် ၂၇ ရက်တွင် Google ဒုတိယ ဥက္ကဋ္ဌ လော်ရီ ရစ်ချက်ဒ်ဆန်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ မျိုးဆက်သစ် AI နည်းပညာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် လူငယ်များအနေဖြင့် မိမိတို့၏ ဒုက္ခများနှင့် စိုးရိမ်ပူပန်မှုများအတွက် အကြံဉာဏ်တောင်းခံရာတွင် နည်းပညာကို ပိုမိုအားကိုးလာကြသည်ဟု ထင်မြင်ယူဆကြောင်း ကီကာဝါဒါက ရစ်ချက်ဒ်ဆန်ကို ပြောကြားသည်။

မျိုးဆက်သစ် AI တွင် အလား အလာကောင်းများစွာရှိသော်လည်း လူငယ်များက မိမိကိုယ်ကို ထိခိုက်စေမှုနှင့် မိမိကိုယ်ကို အဆုံးစီရင်မှု ဆိုင်ရာ အကြံဉာဏ်များ တောင်းခံလာသည့်အခါ သင့်လျော်စွာ တုံ့ပြန်ပေးခြင်းအပါအဝင် ၎င်းတို့၏ အသက်အရွယ်နှင့် ကိုက်ညီသည့် လုံခြုံရေးအစီအမံများကို သေချာစွာချမှတ်ဆောင်ရွက်ရန်နှင့် ထိခိုက်နစ်နာမှုများမှ ကာကွယ်ပေးရန် တာဝန်ယူဆောင်ရွက်ခြင်းမှာ အလွန်အရေးကြီးကြောင်း ၎င်းက အလေးအနက်ပြောကြားသည်။

ဂျပန်နိုင်ငံ၏ ကလေးသူငယ်နှင့် မိသားစုရေးရာအေဂျင်စီက Google ဘက်မှ ၎င်းတို့၏ မျိုးဆက်သစ် AI ထုတ်ကုန်များကို အသုံးပြုသူများက မိမိကိုယ်ကို အဆုံးစီရင်ရန် နည်းလမ်းများ ရှာဖွေမေးမြန်းသည့်အခါ ယင်းနှင့်သက်ဆိုင်သည့် အချက်အလက်များကို မပေးနိုင်အောင် ဒီဇိုင်းရေးဆွဲထားကြောင်း ရှင်းလင်းပြောကြားခဲ့သည်ဟု ဆိုသည်။

ကလေးသူငယ်များ၏ လူမှုကွန်ရက်အသုံးပြုမှုကို ကန့်သတ်ရန်




လုပ်ဆောင်မှုများသည် ကမ္ဘာတစ်ဝန်းတွင် ပိုမိုများပြားလာလျက် ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## ကိုလံဘီယာ၌ တောမီး ၁၈ နေရာ လောင်ကျွမ်းသဖြင့် ငြိမ်းသတ်နိုင်ရေး ကြိုးပမ်းနေ

ဘိုဂိုတာ ဩဂုတ် ၂၇

ကိုလံဘီယာနိုင်ငံ၌ လက်ရှိတွင် တောမီး ၁၈ နေရာ လောင်ကျွမ်းနေပြီး အဆိုပါတောမီးများကို ငြိမ်းသတ်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့က ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

တောမီးများမှာ တိုလီမာပြည်နယ်တွင် ၁၀ နေရာ၊ နာရီညို တွင် ငါးနေရာ၊ ကွန်ဒီနာမာကာတွင် နှစ်နေရာနှင့် ဗာလေးဒယ်ကာကာတွင် တစ်နေရာဖြစ်ပွားနေကြောင်း အဆိုပါအေဂျင်စီက ပြောကြားသည်။ တိုလီမာပြည်နယ်သည် တောမီးဒဏ်အထိခိုက်ဆုံးဒေသဖြစ်ပြီး အရေးပေါ်အခြေအနေမှာ ၂၆ ရက် ကြာမြင့်နေပြီဖြစ်ကာ မြေကေဟက်တာ ၂၀၀၀ ကျော် မီးလောင်ကျွမ်းခဲ့ပြီးဖြစ်သည်။ တောမီးများကို ထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းမှ အကူအညီများထပ်မံပေးအပ်ရန် ဒေသခံအရာရှိများက တောင်းဆိုထားသည်။ တောမီးများ နေအိမ်များအထိ မရောက်ရှိမီ မီးငြိမ်းသတ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ပေးရန် အာဏာပိုင်များကို တောင်းဆိုထားသည်။

ဩဂုတ်လ အစောပိုင်းမှ စတင်၍ ခြောက်သွေ့ပြီး အပူချိန်မြင့်မားသည့် ရာသီဥတုအခြေအနေများကြောင့် တောမီးများ လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အဆိုပါ ရာသီဥတု အခြေအနေသည် ၂၀၂၇ ခုနှစ် မတ်လအထိ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း အာဏာပိုင်များက ပြောကြားသည်။ **ဆင်ဟွာ**

## ဇူလိုင်လအတွင်း တောင်အာဖရိကနိုင်ငံသို့ ခရီးသွားဝင်ရောက်မှု ၁၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်

ဂျိုဟန်နက်စ်ဘာ့ဂ် ဩဂုတ် ၂၇

ဇူလိုင်လအတွင်း တောင်အာဖရိကနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၉၉၁၆၉၆ ဦး လာရောက်ခဲ့ပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း တောင်အာဖရိက စာရင်းအင်းဌာနက ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။ တောင်အာဖရိကနိုင်ငံ၏ နိုင်ငံတကာခရီးသွားလုပ်ငန်းအစီရင်ခံစာအရ ဇူလိုင်လအတွင်း နိုင်ငံခြားခရီးသွားဧည့်သည်အရေအတွက်မှာ ၉၉၁၆၉၆ ဦးရှိခဲ့ပြီး ယမန်နှစ် အလားတူကာလက ၈၈၁၃၉၃ ဦးရှိခဲ့သည်။ **ဆင်ဟွာ**

## ကမ္ဘာ့အမြန်ဆုံး အပြေးသမားထက် ပိုမြန်သည့်အမြန်နှုန်းဖြင့် တရုတ်စက်ရုပ်လူသား ပန်းဝင်

ပေကျင်း ဩဂုတ် ၂၇

တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် လူသားပုံစံ စက်ရုပ်အားကစားပြိုင်ပွဲ၌ လူသားပုံစံစက်ရုပ်များသည် မီတာ ၁၀၀ အပြေးပြိုင်ပွဲကို ကိုးစက္ကန့်အောက်အချိန်ဖြင့် ပြေးနိုင်ခဲ့ပြီး လူသားများ၏ မီတာ ၁၀၀ ကမ္ဘာ့စံချိန်ထက်ပင် ပိုမိုမြန်ဆန်သည့် ရလဒ်များ ရရှိခဲ့ကြသည်။

ကမ္ဘာ့လူသားပုံစံ စက်ရုပ်အားကစားပြိုင်ပွဲ (World Humanoid Robot Games) ကို ပေကျင်းမြို့တွင် ဩဂုတ် ၂၆ ရက်အထိ ငါးရက်ကြာ ကျင်းပခဲ့ပြီး ယခုနှစ်ပြိုင်ပွဲတွင် ယမန်နှစ်ကထက် လေးဆပိုမိုများပြားသည့် နိုင်ငံ ၁၆ နိုင်ငံမှ စက်ရုပ်ပေါင်း ၂၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ပြေးခုန်ပစ်နှင့် ဘောလုံးပြိုင်ပွဲများအပြင် အခြေအနေအလိုက် ယှဉ်ပြိုင်ရသည့် စားသောက်ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် ပြိုင်ပွဲအမျိုးအစား ၅၁ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲတွင် တရုတ်စက်ရုပ်တစ်ရုပ်က ၈ ဒသမ ၆၄ စက္ကန့်ဖြင့် အနိုင်ရရှိခဲ့သည်။ ကျန်ပြိုင်ပွဲဝင် စက်ရုပ်လေးရုပ်လည်း ကိုးစက္ကန့်အောက်




အချိန်ဖြင့် ပန်းဝင်နိုင်ခဲ့ကြသည်။

ယင်းရလဒ်များသည် ဂျမေကာနိုင်ငံသား အူစိန်ဘော့က ၂၀၀၉ ခုနှစ်တွင် စံချိန်တင်ထားသည့် လူသားများ၏ မီတာ ၁၀၀ ကမ္ဘာ့စံချိန် ၉.၅၈ စက္ကန့်ထက် ပိုမိုမြန်ဆန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အလိမ်အညာကြော်ငြာများနှင့်ပတ်သက်၍ မက်တာကုမ္ပဏီကို ယူရိုသန်း ၂၅၀ ဒဏ်ရိုက်ရန် အီးယူထံ ပိုလန်တောင်းဆို

ဝါဆော ဩဂုတ် ၂၇

နည်းပညာကုမ္ပဏီ မက်တာကို ယူရိုသန်း ၂၅၀ ဒဏ်ရိုက်ရန်အတွက် ဥရောပကော်မရှင်ထံ တရားဝင်တောင်းဆိုထားကြောင်း ပိုလန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဒီဂျစ်တယ်ကိစ္စရပ်များဆိုင်ရာဝန်ကြီး ခရစ်စတော့ဖ် ဂေါ့စကီးက ဩဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

မက်တာကုမ္ပဏီက ပေးအပ်ထားသည့် အချက်အလက်များနှင့် အထောက်အထားများကို သုံးသပ်ပြီးနောက် ယင်းကုမ္ပဏီ၏ မီဒီယာပလက်ဖောင်းများပေါ်တွင် အကြောင်းအရာများဖော်ပြရာ၌ လုံလောက်သည့်ထိန်းချုပ်မှုမရှိသည့် သတင်းများအတွက် အဆိုပါတောင်းဆိုချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်းနှင့် ဒီဂျစ်တယ်ပလက်ဖောင်းများသည် ၎င်းတို့၏ လုပ်ဆောင်ချက်များအတွက် အပြည့်အဝတာဝန်ရှိပြီး ပိုလန်နိုင်ငံသားများကို ထိခိုက်စေသည့် အလိမ်အညာကြော်ငြာများနှင့် လိမ်လည်မှုဆိုင်ရာ အကြောင်းအရာများကို နှိမ်နင်းရာတွင် ထိရောက်မှုမရှိခြင်းမှာ သည်းခံနိုင်ဖွယ်ရာမရှိကြောင်း ၎င်းက ပြောကြားသည်။

ဥရောပကော်မရှင်အနေဖြင့် မက်တာကုမ္ပဏီကို ဒဏ်ကြေးချမှတ်ရန် လုပ်ဆောင်မည်ဟု မျှော်လင့်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ ထို့ပြင် အလိမ်အညာကြော်ငြာများ၊ လိမ်လည်မှုဆိုင်ရာကြော်ငြာများနှင့် တရားမဝင်အက်ပလီကေးရှင်းများကို ဖယ်ရှားနိုင်ရေးအတွက် ထိရောက်သည့်နည်းပညာများ အသုံးပြုရန်လည်း မက်တာကုမ္ပဏီကို တောင်းဆိုထားသည်။ **ဆင်ဟွာ**

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစ၍ ဆီးရီးယားဒုက္ခသည် နှစ်သိန်းကျော် ဂျော်ဒန်နိုင်ငံမှ ပြန်လည်ဝင်ရောက်

အမ်မန် ဩဂုတ် ၂၇

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၄ ရက်အထိ ဂျော်ဒန်နိုင်ငံမှ ဆီးရီးယားနိုင်ငံသို့ ဆီးရီးယားဒုက္ခသည် ၂၂၀၀၀၀ ခန့် မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်ခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ထုတ်ပြန်ထားသည်။

၂၀၂၆ ခုနှစ်စမှစ၍ ဆီးရီးယားဒုက္ခသည် ၄၅၀၀၀ နီးပါး ဆီးရီးယားနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့ကြောင်းနှင့် အပတ်စဉ်ပြန်လည်ဝင်ရောက်လာသူ ပျမ်းမျှအရေအတွက်မှာ ၁၃၀၀ ဝန်းကျင်ရှိပြီး တစ်ရက်အတွင်း အများဆုံးပြန်လည်ဝင်ရောက်သူအရေအတွက်မှာ ၂၀၀ မှ ၃၄၄ ဦးအထိရှိကြောင်း UNHCR ပြောရေးဆိုခွင့်ရှိသူ ယူဆက်ဖ်တာဟာက ဩဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

ပြန်လည် ဝင်ရောက်သူများအနက် ၅၉ ရာခိုင်နှုန်းမှာ မိသားစုတစ်စုလုံး ပြန်လည်ဝင်ရောက်ကြခြင်းဖြစ်ပြီး ၄၁ ရာခိုင်နှုန်းမှာ မိသားစုဝင်အချို့သာ ပြန်လည်ဝင်ရောက်ကြခြင်းဖြစ်ကြောင်း သိရသည်။

ဂျော်ဒန်နိုင်ငံတွင် လက်ရှိကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၌ မှတ်တမ်းတင်ထားသည့် ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူ စုစုပေါင်း ၃၇၅၀၀၀ ဝန်းကျင်ရှိပြီး ယင်းတို့အနက် ၈၂ ရာခိုင်နှုန်းခန့်မှာ ဆီးရီးယားနိုင်ငံသားများဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဗြိတိန်နိုင်ငံ၏ စွမ်းအင်ဈေးနှုန်းကန့်သတ်ချက် အောက်တိုဘာလမှစ၍ လေးရာခိုင်နှုန်း မြင့်တက်မည်

လန်ဒန် ဩဂုတ် ၂၇

ဗြိတိန်နိုင်ငံ၏ အိမ်သုံးစွမ်းအင်ဈေးနှုန်းကန့်သတ်ချက်မှာ ၂၀၂၆ ခုနှစ် စတုတ္ထသုံးလပတ်အတွင်း လေးရာခိုင်နှုန်း မြင့်တက်မည်ဖြစ်ကြောင်း နိုင်ငံ၏ စွမ်းအင်ဈေးနှုန်းထိန်းညှိရေးအဖွဲ့ Ofgem က ဩဂုတ် ၂၆ ရက်တွင် ထုတ်ပြန်သည်။

လျှပ်စစ်ဓာတ်အားနှင့် ဓာတ်ငွေ့နှစ်မျိုးစလုံးအသုံးပြုသည့် ပျမ်းမျှအိမ်ထောင်စုတစ်စုအတွက် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ သတ်မှတ်ထားသည့် စွမ်းအင်ဈေးနှုန်းကန့်သတ်ချက်မှာ လက်ရှိတစ်နှစ်လျှင် ပေါင် ၁၆၆၃ မှ ပေါင် ၆၀ မြင့်တက်ကာ ပေါင် ၁၇၂၃ သို့ ရောက်ရှိမည်ဖြစ်ကြောင်း Ofgem က ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

## နီပေါနိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၃၃၂ ဦးရှိ

ခတ္တမန္ဒူ ဩဂုတ် ၂၇

နီပေါနိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်ပွားသည့် ဒေသများမှ ဩဂုတ် ၂၇ ရက် ညနေ ၃ နာရီ မိနစ် ၅၀ အထိ သေဆုံးသူ ၃၃၂ ဦး၏ ရုပ်အလောင်းများကို ပြန်လည်တွေ့ရှိခဲ့ကြောင်း နီပေါရဲတပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ်ကျရောက်သည့် ဒေသများမှ မိသားစုများကို ဘေးကင်းရာနေရာများသို့ ပြောင်းရွှေ့ပေးခဲ့ပြီး အခြားအစိုးရအေဂျင်စီများ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် ရေကြီးရေလျှံမှုကြောင့် ပိတ်မိနေသည့် နိုင်ငံခြားခရီးသွား ၂၇ ဦးကိုလည်း ကယ်တင်နိုင်ခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ**

# Digital Smart မီတာအသစ်များ အွန်လိုင်းဖြင့် လျှောက်ထားခြင်းအတွက် အသုံးပြုနည်းလမ်းညွှန်

*(ယခင်နေ့မှအဆက်)*

**(၁) Digital Smart မီတာအသစ် လျှောက်ထားသူမှ အကောင့် (User Account) ဖွင့်လှစ်ရမည့် လုပ်ငန်းစဉ်များ**

(ဃ) ကိုယ်ရေးအချက်အလက်များ (အမည်၊ အီးမေးလ်၊ ဖုန်းနံပါတ်) ပြင်ဆင်ခြင်း

လျှောက်ထားသူသည် မိမိ၏ အမည်၊ အီးမေးလ်နှင့် ဖုန်းနံပါတ် စသည့်ကိုယ်ရေးအချက်အလက်များကို ပြင်ဆင်လိုပါက အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်နိုင်ပါသည် -

(၁) ညာဘက်အပေါ်ဆုံးထောင့်ရှိ **လူပုံစံ (User Icon)** ကို နှိပ်ပါ။

(၂) ပေါ်လာသောမီနူးဘားမှ **"ဆက်တင်များ"(Settings)** ကို နှိပ်၍ ဝင်ရောက်ပါ။

(၃) ထို့နောက် ဘယ်ဘက်ခြမ်းရှိ **"အကောင့်" (Account)** Tab သည် အလိုအလျောက် Active ဖြစ်နေမည် ဖြစ်ပြီး ညာဘက်ခြမ်းတွင် ကိုယ်ရေးအချက်အလက် ပြင်ဆင်ရန် စာမျက်နှာ ပေါ်လာမည်ဖြစ်ပါသည်။



ပုံ(၈) ကိုယ်ရေးအချက်အလက်ပြင်ဆင်ရန် ဖောင်ပုံစံ

**အမည်ပြင်ဆင်ရန်** - **"အမည်"**အကွက်တွင် အသစ်ပြင်ဆင်လိုသော အမည်ကို ရိုက်နှိပ်ပြီး **"သိမ်းမည်"**Click နှိပ်ရပါမည်။



ပုံ(၉) အမည်ပြင်ဆင်ရန် ဖောင်ပုံစံ

**အီးမေးလ်လိပ်စာ ပြင်ဆင်ခြင်း**

(၁) အီးမေးလ်လိပ်စာနေရာ၏ ဘေးရှိ **"ပြောင်းရန်"**ကို Click နှိပ်ပါ။ ထိုအခါ အီးမေးလ်အသစ် ဖြည့်သွင်းရန် မိုဒယ်ဘောက်စ် (Modal Box) တစ်ခု ပေါ်လာမည် ဖြစ်ပါသည်။

(၂) ပေါ်လာသော မိုဒယ်ဘောက်စ်ရှိ Input Box တွင် မိမိအသုံးပြုလိုသော **အီးမေးလ်အသစ် (New Email)** ကို ရိုက်နှိပ်ထည့်သွင်းပေးပါ။

(၃) ထို့နောက် **"ကုဒ်ပေးပို့မည်"**ကို Click နှိပ်ပါ။ MOEE Support Team မှ ဖြည့်သွင်းလိုက်သော အီးမေးလ် အသစ်ထံသို့ ဂဏန်း(၆)လုံးပါဝင်သော ကုဒ်နံပါတ် (6 digit code)ကို ပေးပို့မည်ဖြစ်ပါသည်။

(၄) အီးမေးလ်ထဲသို့ ရောက်ရှိလာသော ဂဏန်း(၆) လုံးပါ ကုဒ်နံပါတ်ကို စနစ်တွင် ရိုက်နှိပ်ပြီး**"အတည်ပြုမည်"** ကို Click နှိပ်ပါ။

(၅) ကုဒ်နံပါတ် မှန်ကန်စွာ ဖြည့်သွင်းပြီးပါက အီးမေးလ် လိပ်စာ ပြောင်းလဲခြင်း လုပ်ငန်းစဉ် အောင်မြင်စွာ ပြီးဆုံးမည် ဖြစ်ပါသည်။

အထူးသတိပြုရန် - နောက်တစ်ကြိမ် စနစ်အတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်း Login ပြုလုပ်သည့်အခါတွင် **"အီးမေးလ်အသစ်"**နှင့် **"မူလလျှို့ဝှက်နံပါတ် (Old Password)"** တို့ကို အသုံးပြု၍ ဝင်ရောက်ရမည်ဖြစ်ပါသည်။



ပုံ(၁၀) အီးမေးလ်လိပ်စာပြင်ဆင်ရန် ဖောင်ပုံစံ




ပုံ(၁၁) အီးမေးလ်လိပ်စာပြင်ဆင်ရန် ဖောင်ပုံစံ




ပုံ(၁၂) အီးမေးလ်လိပ်စာပြင်ဆင်ရန် ဖောင်ပုံစံ

**ဖုန်းနံပါတ် ပြင်ဆင်ခြင်း**

(၁) ဖုန်းနံပါတ်နေရာ၏ ဘေးရှိ **"ပြောင်းရန်"**ကို Click နှိပ်ပါ။ ထိုအခါ ဖုန်းနံပါတ်အသစ် ဖြည့်သွင်းရန် မိုဒယ်ဘောက်စ် (Modal Box) တစ်ခုပေါ်လာမည် ဖြစ်ပါသည်။

(၂) ပေါ်လာသော မိုဒယ်ဘောက်စ်ရှိ Input Box တွင် မိမိအသုံးပြုလိုသော **ဖုန်းနံပါတ်အသစ် (New Phone Number)** ကို ရိုက်နှိပ်ထည့်သွင်းပါ။

(၃) ထို့နောက် **"ကုဒ်ပေးပို့မည်"**ကို Click နှိပ်ပါ။ ဖြည့်သွင်းခဲ့သော ဖုန်းနံပါတ်ထံသို့ SMS မှတစ်ဆင့် ဂဏန်း(၆)လုံးပါဝင်သော ကုဒ်နံပါတ် (6-Digit Code) ပေးပို့မည်ဖြစ်ပါသည်။

(၄) ရောက်ရှိလာသော ဂဏန်း(၆)လုံးပါ ကုဒ်နံပါတ်ကို စနစ်တွင် ရိုက်နှိပ်ပြီး **"အတည်ပြုမည်"**ကို Click နှိပ်ပါ။

(၅) ကုဒ်နံပါတ် မှန်ကန်စွာ ဖြည့်သွင်းပြီးပါက ဖုန်းနံပါတ် ပြောင်းလဲခြင်းလုပ်ငန်းစဉ် အောင်မြင်စွာ ပြီးဆုံးမည် ဖြစ်ပါသည်။

အထူးသတိပြုရန် - နောက်တစ်ကြိမ် စနစ်အတွင်းသို့ ပြန်လည်ဝင်ရောက် Login ပြုလုပ်သည့်အခါတွင် **"ဖုန်းနံပါတ်အသစ်"**နှင့် **"မူလလျှို့ဝှက်နံပါတ် (Old Password)"**တို့ကို အသုံးပြု၍ ဝင်ရောက်ရမည်ဖြစ်ပါသည်။

မှတ်ချက် - လျှောက်ထားသူတွင် ဖုန်းနံပါတ်နှင့် အီးမေးလ် နှစ်မျိုးလုံးရှိနေပါက နောက်တစ်ကြိမ် စနစ်အတွင်းသို့ ပြန်လည်ဝင်ရောက် Login ပြုလုပ်သည့်အခါ "ဖုန်းနံပါတ်" (သို့မဟုတ်) "အီးမေးလ်"နှင့်အတူ မိမိ၏ "မူလလျှို့ဝှက်နံပါတ် (Old Password)"ကို အသုံးပြု၍ ဝင်ရောက်ရမည်ဖြစ်ပါသည်။



ပုံ(၁၃) ဖုန်းနံပါတ်ပြင်ဆင်ရန် ဖောင်ပုံစံ




ပုံ(၁၄) ဖုန်းနံပါတ်ပြင်ဆင်ရန် ဖောင်ပုံစံ




ပုံ(၁၅) ဖုန်းနံပါတ်ပြင်ဆင်ရန် ဖောင်ပုံစံ

(င) စကားဝှက် ပြောင်းလဲခြင်း

လျှောက်ထားသူသည် မိမိ၏ စကားဝှက်ကို ပြင်ဆင်လိုပါက အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်နိုင်ပါသည်-

(၁) ညာဘက်အပေါ်ဆုံးထောင့်ရှိ **လူပုံစံ (User Icon)** ကို Click နှိပ်ပါ။

(၂) ပေါ်လာသောမီနူးဘားမှ **"ဆက်တင်များ"(Settings)** ကို Click နှိပ်၍ ဝင်ရောက်ပါ။

(၃) ထို့နောက် ဘယ်ဘက်ခြမ်းတွင် **"လုံခြုံရေး"(Security)** Tab ကို Click နှိပ်ပါ။ ထို့နောက် **"လုံခြုံရေး" (Security)** Tab သည် Active ဖြစ်နေမည်ဖြစ်ပြီး ညာဘက်ခြမ်းတွင် စကားဝှက်ပြောင်းလဲရန် စာမျက်နှာ ပေါ်လာမည်ဖြစ်ပါသည်။



ပုံ(၁၆) စကားဝှက်ပြင်ဆင်ရန် ဖောင်ပုံစံ

**စကားဝှက် ပြောင်းလဲရန်**

"လုံခြုံရေး"စာမျက်နှာသို့ ရောက်ရှိပါက **"စကားဝှက် ပြောင်းလဲရန်"** အပိုင်းတွင် အောက်ပါအချက်အလက်များကို မှန်ကန်စွာ ဖြည့်သွင်းပါ-

(၁) မိမိ လက်ရှိအသုံးပြုနေသော စကားဝှက်ဟောင်းကို ရိုက်ထည့်ပါ။

(၂) ပြောင်းလဲအသုံးပြုလိုသည့် စကားဝှက်အသစ်ကို ရိုက်ထည့်ပါ။

(၃) စကားဝှက်အသစ်ကိုပင် ထပ်မံရိုက်ထည့်ပါ (စကားဝှက်နှစ်ခု ကိုက်ညီရပါမည်)။

အချက်အလက်များ ဖြည့်သွင်းပြီးပါက "သိမ်းမည်"ဟူသော အစိမ်းရောင်စာသားကို Click နှိပ်၍ အတည်ပြုပါ။

*(ဆက်လက်ဖော်ပြပါမည်)*

# စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ရွှေဒါးကျကျေးရွာရှိ ရွှေသိမ်တော်ဘုန်းကြီးကျောင်းမှ လက်ထောက်ကျောင်းထိုင်ဆရာတော်အား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်

**နေပြည်တော် ဩဂုတ် ၂၇**

NUG၊ CRPH အကြမ်းဖက်အဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးစေရန်နှင့် မြို့၊ ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ရန်အတွက် သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်ကြသည့် ပြည်သူအချို့အား ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည့်အပြင် အေးချမ်းစွာ တရားဘာဝနာပွားများအားထုတ်လျက်ရှိသော သံဃာတော်များကိုလည်း ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ကျူးလွန်လျက်ရှိကြသည်။

ထိုသို့ အကြမ်းဖက်မှုများလုပ်ဆောင်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ၃၀ ခန့်သည် ဩဂုတ် ၁၈ ရက် ညပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မုံရွာ- ရေစကြိုကားလမ်းပေါ်၌ တည်ရှိသည့် ရွှေဒါးကျကျေးရွာရှိ ရွှေသိမ်တော်ဘုန်းကြီးကျောင်းသို့ လက်နက်များ ကိုယ်စီကိုင်ဆောင်၍ ရောက်ရှိလာပြီး လက်ထောက်ကျောင်းထိုင်ဆရာတော် အရှင်ဣန္ဒာစာရ၊ သက်တော်(၅၂) နှစ်၊ ဝါတော်(၂၂)ဝါနှင့် အဆိုပါကျေးရွာတွင် နေထိုင်သူများဖြစ်ကြသည့် ဦးမြင့်ဆွေ (၆၀)နှစ်၊ ဒေါ်နီလာထွန်း (၄၂)နှစ်၊ ဦးမျိုးနိုင်(၆၀)နှစ်၊ ဦးသဲမောင်ဆွေ (၂၄)နှစ်၊ ဦးမျိုးထွန်းအောင်(၃၈)နှစ်၊ ဦးသက်ထွေး(၂၃)နှစ် စုစုပေါင်း ခုနစ်ဦးအား လိုရာဆွဲခေါင်းစဉ်တပ်၍ မထိသာကျေးရွာဘက်သို့ အကြမ်းဖက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးထားသူ ခုနစ်ဦးအနက်မှ ဦးမျိုးထွန်းအောင်နှင့် ဦးသက်ထွေးတို့ နှစ်ဦးအား ပြန်လည်စေလွှတ်ပေးခဲ့သည်။ ဆက်လက်၍ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ဩဂုတ် ၂၄ ရက် ညပိုင်းတွင် ကျေးရွာနေပြည်သူများဖြစ်ကြသည့် ဦးမြင့်ဆွေ (၆၅)နှစ်၊ ဦးမှတ်တင်(၆၃)နှစ်နှင့် ဦးမြတ်ထွန်း(၇၀)နှစ်တို့ သုံးဦးအား ထပ်မံဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသဖြင့် စုစုပေါင်း ဆရာတော် တစ်ပါးနှင့် အပြစ်မဲ့ဒေသခံပြည်သူ ခုနစ်ဦးတို့အား ဖမ်းဆီးခေါ်ဆောင်ထားကြောင်း သိရသည်။

ထိုသို့ ဖမ်းဆီးသွားပြီးနောက် အကြမ်းဖက်သမားများက ဆရာတော် အရှင်ဣန္ဒာစာရအား လူမဆန်စွာဖြင့် တုတ်ဖြင့်ရိုက်နှက်ခြင်း၊ မီးစနှင့်ထိုးခြင်း၊ လက်ချောင်းနှင့် ခန္ဓာကိုယ်အချို့နေရာများတွင် ဓားဖြင့် လှီးဖြတ်ခြင်းများဖြင့် ရက်စက်စွာ အကြမ်းဖက်နှိပ်စက်မှုများကြောင့် ဆရာတော်သည် ပျံလွန်တော်မူခဲ့ရသည်။ အကြမ်းဖက်သောင်းကျန်းသူများသည် ဆရာတော်၏ ရုပ်အလောင်းအား ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် မထိသာကျေးရွာအနီးသို့ လာရောက်ယူဆောင်ရန် အကြောင်းကြားလာသဖြင့် ကျေးရွာနေပြည်သူများက လူမှုကူညီရေးအသင်းမော်တော်ယာဉ်ဖြင့် သွားရောက်သယ်ဆောင်ခဲ့ပြီး ရွှေဒါးကျကျေးရွာ၌ မီးသင်္ဂြိုဟ်ပေးခဲ့ကြသည်။

အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်ဖမ်းဆီးနှိပ်စက်မှုကြောင့် ဆရာတော် ပျံလွန်တော်မူခဲ့ခြင်းအား ဖုံးကွယ်ဖြေရှင်းနိုင်ရန်အတွက် DCS ပြုလုပ်ထားသည့် ဆရာဝန်တစ်ဦး၏ အကူအညီဖြင့် ဆေးမှတ်တမ်းများ အတုပြုလုပ်ကာ မဟုတ်မမှန် လိမ်လည်ဝါဒဖြန့်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် အပြစ်မဲ့ဒေသခံပြည်သူ ခုနစ်ဦးကိုလည်း ဖမ်းဆီးထားဆဲဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ အများပြည်သူကိုးကွယ်ယုံကြည်ရာဖြစ်သော အေးချမ်းစွာ တရားဘာဝနာ ပွားများအားထုတ်လျက်ရှိသည့် ဆရာတော်အား အောက်တန်းကျစွာ ရက်ရက်စက်စက် နှိပ်စက်သတ်ဖြတ်ခဲ့ကြသည့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအား ဒေသခံပြည်သူများက ရွံရှာစက်ဆုပ် မုန်းတီးလျက်ရှိကြောင်း၊ အဆိုပါ အကြမ်းဖက်လုပ်ရပ်အပေါ် လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း အဆိုပါအကြမ်းဖက်သောင်းကျန်းသူများအား လိုအပ်သည့်တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရေး ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



PDF အမည်ခံ အကြမ်းဖက်အဖွဲ့က အကြမ်းဖက်ဖမ်းဆီး၍ ရက်စက်စွာ နှိပ်စက်သတ်ဖြတ်ခံခဲ့ရသည့် ဆရာတော် အရှင်ဣန္ဒာစာရ၏ ရုပ်အလောင်းမှတ်တမ်းဓာတ်ပုံ။

**သတင်းစဉ်**

# မူဆယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၇**

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်းပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက် ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။




မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၃၁ ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူဖမ်းဆီးရမိမှုနေရာပြမြေပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတံု ရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများ ရောက်ရှိ နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါ ရပ်ကွက်အတွင်းရှိ နေအိမ်များအား စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် ကောင်းမှုတံုရပ်ကွက် ဟိုနားနယ်မြေ မြို့ရှောင်လမ်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၃၁ ဦးတို့အား ဖုန်းမျိုးစုံ ၄၂၂ လုံး၊ All In One ကွန်ပျူတာ ၁၈ လုံး၊ Desktop ကွန်ပျူတာ ၂၀ နှင့် ဆက်စပ်ပစ္စည်းများ၊ StarLink နှစ်လုံး၊ Wifi စက်နှစ်လုံး၊ တရုတ်ငွေ ၂၄၅၀၀ ယွမ်၊ Lexus အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ Crown အမျိုးအစား မော်တော်ယာဉ် နှစ်စီး၊ ဆိုင်ကယ်မျိုးစုံ သုံးစီး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မူဆယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိမှု။



မူဆယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် နေအိမ်နှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိမှု။

## မော်လမြိုင်ကျွန်းမြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၇**

မော်လမြိုင်ကျွန်းမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး



ကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ဖြူဖြူဝင်းနှင့် ဝန်ထမ်းများ စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်စားအုန်းဆီကိုယ်စားလှယ် ဦးကျော်လင်းပိုင်တို့က ယနေ့နံနက်ပိုင်းတွင် အမှတ် (၁၀) ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်နှင့် ဗိုလ်ချုပ်ဈေးအနီး၌ ဆန်၊ စားအုန်းဆီ၊ ဘဲဥနှင့် ကြက်ဥများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးရာ ဒေသခံပြည်သူများ အဆင်ပြေစွာ ဝယ်ယူအားပေးခဲ့ကြသည်။

ထိုသို့ရောင်းချပေးနေမှုကို မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## လပွတ္တာမြို့၌ ခွင့်မပြုဓာတုဆိုးဆေးပါရှိသည့် မှျင်ငါးပိများ မြေတွင်းတူး မြေမြှုပ်ဖျက်ဆီး

**လပွတ္တာ ဩဂုတ် ၂၇**

ခရိုင် ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်ဦးဆောင်၍ လပွတ္တာမြို့နယ်အတွင်းရှိ ရွှေနဒီရေပေါ်ဈေးနှင့် နန္ဒာဝန်ဈေးတို့တွင် မှျင်ငါးပိ ရောင်းချလျက်ရှိသည့် ရောင်းချသူ ခြောက်ဦးတို့ထံမှ မှျင်ငါးပိ နမူနာယူလျက် ဧရာဝတီတိုင်းဒေသကြီး FDA သို့ ပေးပို့စစ်ဆေးခဲ့ရာ ဈေးကွက်အတွင်းရှိ မှျင်ငါးပိများတွင် စားသုံးရန်မသင့်သည့်



ဓာတုဆိုးဆေး Rhodamine-B ပါဝင်နေကြောင်း စစ်ဆေးပြန်ကြားလာမှုအရ ဩဂုတ် ၂၅ ရက်က စစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် အဆိုပါမှျင်ငါးပိ ရောင်းချသည့်ဆိုင်များမှ ဈေးကွက်သို့ မဖြန့်ရသေးသည့် မှျင်ငါးပိ ၆၁ ပိဿာကို လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ လပွတ္တာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ရောင်းချသူရှေ့မှောက်တွင် မြေတွင်းတူး မြေမြှုပ်ဖျက်ဆီးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၉ - ၈ - ၂၀၂၆ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈)၊ အမှတ် (၃၅) တွင်** ခရီးသွားများ အရိပ်ရအောင် သစ်ပင်စိုက်၍ ကုသိုလ်ပြုသော ဗိုက်ပူအကြောင်းကို သရုပ်ဖော်ထားသည့် “သာခုခေါ်စေသော်” မျက်နှာဖုံးကာတွန်း၊ ကလေးတို့အနေဖြင့် ရေဒါကိုရိယာနှင့် ပတ်သက်၍ ဗဟုသုတရစေရန် ရေးသားထားသည့် “ရေဒါနည်းပညာ” သုတဆောင်းပါးကဏ္ဍ၊စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင် စသည့် ယဉ်ကျေးမှုအမွေအနှစ်များကို အများပြည်သူများ ကြည့်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပြသထားသည့် စာဆိုဗိမာန်သို့ လာရောက်လေ့လာနိုင်ရန် ဖိတ်ခေါ်ထားသည့် ကြော်ငြာကဏ္ဍ၊ပျော်စရာနေရာကို ရှာဖွေရင်း နောက်ဆုံးတွင် နောင်တရကာ မိသားစုဆီသို့ ပြန်သွားသည့် ကြက်ဖကြီးအကြောင်းကို သရုပ်ဖော်ထားသည့် “နောင်တ” နှစ်မျက်နှာကာတွန်း၊ ကားဆရာ ဦးမြမောင်သည် သူတစ်ပါးပစ္စည်းကို ကောက်ရသော်လည်း ပိုင်ရှင်ထံ ပြန်လည်အပ်နှံလိုက်သည့်အတွက် ဝမ်းသာပီတိဖြစ်သွားသည့် အကြောင်းကို ရေးသားထားသည့် “သတင်းကောင်းတစ်ရပ်” ဝတ္ထုကဏ္ဍ၊ သရက်သီးခိုးခူးမိသည့် ညီပုနှင့် သူငယ်ချင်း နီကြောင်တို့သည် ပိုင်ရှင်သိသွားသောအခါ ပြေးခဲ့ရသည်ကို သရုပ်ဖော်ထားသည့် “ညီပု” တစ်မျက်နှာကာတွန်း၊ မင်းသားအယောင်ဆောင်ထားသည့် မင်းသမီးလေး အန်နာ၏ ကြင်ရာလောင်းရွေးပွဲအကြောင်းကို ရေးသားထားသည့်“မင်းသမီးလေး၏ ထူးဆန်းသော ကြင်ရာလောင်းရွေးပွဲ” ပုံပြင်ကဏ္ဍ၊ မမပန်ကြိုက်သည့် ဟင်းလျာများကို စေတနာနှင့် ဝယ်ပေးလိုက်မိသည့် မြဂျိုး၏ အမှားများ အကြောင်းကို သရုပ်ဖော်ထားသည့် “အလွဲလေးများ” နှစ်မျက်နှာကာတွန်း၊ အင်္ဂလိပ်စာ အနေနှင့် Phrasal Verb များအကြောင်းကို ဥပမာများနှင့်တကွ လေ့လာနိုင်မည့် “အခြေခံလိုအပ်သည့် အီဒီယမ်” အင်္ဂလိပ်စာကဏ္ဍ၊ မေမေက စောစောထကာ ထမင်းချက်ပုံ၊ ဖေဖေက လယ်ထဲဆင်းပုံ၊ ကိုကိုက စာထကျက်




နေပုံ၊ မမလေးက ဆွမ်းတော်ကပ်ရန် ပြင်ဆင်ပုံနှင့် အငယ်ဆုံးသားလေးမို့ အားလုံးက ဝိုင်းချစ်ကြပုံအကြောင်းကို ရေးဖွဲ့ထားသည့် “အချစ်တော်” ကဗျာကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

**သတင်းစဉ်**

## မြို့ရွာဖွံ့ဖြိုးတိုးတက်ဖို့ ပြည်သူအားလုံးပါဝင်စို့ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**သန်လျင် ဩဂုတ် ၂၇**

သန်လျင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသော “မြို့ရွာဖွံ့ဖြိုးတိုးတက်ဖို့ပြည်သူအားလုံးပါဝင်စို့” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက သန်လျင်မြို့ရှိ ဘုံပျံပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးဆန်းဝင်းတို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်က အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသော ရပ်ကွက်ပြည်သူများက



ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရန်အချက်များအား ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

**သန်းဝင်း(သန်လျင်)**



## ကလောမြို့၌ လျှပ်စစ်ဓာတ်အား လျော့နည်းပပျောက်စေရေးတာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**ကလော ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း ) ကလောမြို့နယ်၌ လျှပ်စစ်ဓာတ်အား လျော့နည်းပပျောက်စေရေးအတွက် ဩဂုတ် ၂၆ ရက်က ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်မင်းထွန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးငြိမ်းချမ်းနှင့် ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင်ဓာတ်အားသုံးစွဲမှုများ မပြုလုပ်စေရေးအတွက် ကလောမြို့ရှိ စီတီ/ ပါဝါ/ အိမ်သုံးမီတာများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချည်မျှင်ရှည်ဝါ Grade ခွဲခြားကောက်ယူရေး၊ ရောင်းချဝယ်ယူရေး တောင်သူလုပ်ငန်းရှင်များနှင့် ဆက်စပ်ဌာနများတွေ့ဆုံ

**မြစ်သား ဩဂုတ် ၂၇**

၂၀၂၆-၂၀၂၇ ခုနှစ် ချည်မျှင်ရှည်ဝါ Grade ခွဲခြားကောက်ယူရေး၊ ရောင်းချဝယ်ယူရေး တောင်သူလုပ်ငန်းရှင်များနှင့် ဆက်စပ်ဌာနများ တွေ့ဆုံပွဲကို ဩဂုတ် ၂၄ ရက်က ကူမဲမြို့ အောင်ကမ္ဘာဆန်စက် ဝါစက်ဝင်းအတွင်းရှိ ရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစံအောင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်နှင့် တာဝန်ရှိသူများက မျိုး၊ မြေ၊ ရေ၊ နည်းစနစ်တကျစိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဝါစိုက်တောင်သူများအား မျိုးစေ့များ၊ မြေဩဇာများ နှင့် စိုက်ပျိုးရေးသုံးပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ခဲ့ပြီး တက်ရောက်လာသည့် ဝါစိုက်တောင်သူများက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**ဝါဝါမြင့်(မြစ်သား)**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၇၁၇၉ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၂၇**

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၁၇၉ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထားဝယ်မြို့၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ထားဝယ် ဩဂုတ် ၂၇**
တနင်္သာရီတိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(ထားဝယ်)တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယမန်နေ့က ထားဝယ်မြို့ အစိုးရနည်းပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က အမှာစကားပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် လုပ်ငန်းကော်မတီဝင်များက သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် သင်တန်းသူ ၁၅ ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက သင်တန်းသူများ စက်ချုပ်နေမှုနှင့် အဝတ်အထည်များ ချုပ်လုပ်ထားရှိမှုများကို ကြည့်ရှုအားပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဘီးလင်း ဩဂုတ် ၂၇**
မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကိုယမန်နေ့က ဘီးလင်း မြို့နယ် တောင်စွန်းကျေးရွာ ကေသဝတီရပ်ကွက် အောင်စကြာ (ဓမ္မာရုံ)၌ ကျင်းပရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမင်းစမ်းက အမှာစကားပြော ကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသော ကျေးရွာနေပြည်သူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ လမ်းတံတား၊ ကျေးရွာသန့်ရှင်းသာယာလှပရေး၊ လျှပ်စစ်မီး စသည့်လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ လွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများနှင့် ကျေးရွာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချမ်းမြသာစည်မြို့နယ်၌ ကျောင်းအခြေပြု ကျန်းမာရေးအသိပညာမြှင့်တင်

**မန္တလေး ဩဂုတ် ၂၇**
ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ခြင်း အသိပညာပေးဟောပြောပွဲကို ချမ်းမြသာစည်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းငါးကျောင်း၌ ကျင်းပရာ ယမန်နေ့က အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် အမှတ်(၇) အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းလှိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး(ကျန်းမာပညာ) ဒေါ်ပွင့်ဦးအိမ်က ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်တတ်စေရန် ဘဝနေထိုင်မှုပုံစံများအကြောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ Vape၊ အရက်များနှင့် ပတ်သက်သော အန္တရာယ်များအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။ ထို့နောက် သူနာပြုသိပ္ပံ-မန္တလေးကျောင်းမှ ဒုတိယနှစ်သူနာပြုသင်တန်းသား သင်တန်းသူများက အာဟာရပြည့်ဝစွာ စားသုံးနေထိုင်နိုင်ရေးအကြောင်းကို သရုပ်ပြဟောပြောသည်။

**အလင်းသစ်(ပြန်/ဆက်)**

## ဒိုက်ဦးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ဒိုက်ဦး ဩဂုတ် ၂၇**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် လက်ပံသုံးခွကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုကို လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုပြီး နိုင်ငံသားစိစစ်ရေးကတ်များကို ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။



**စိုးထက်ကျော်(ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်၌ အသင်းပိုင်မူကြိုအတွက် ငွေကျပ်ငါးသိန်း ထောက်ပံ့ခြင်းနှင့် မူကြိုကလေးများအား ပဲနို့နှင့် မုန့်များ ဝေငှ

**ဝမ်းတွင်း ဩဂုတ် ၂၇**
ဝမ်းတွင်းမြို့နယ်၌ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ မြို့နယ်မိခင်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က အသင်းပိုင်မူကြို ကျောင်း၌ ဆောင်ရွက်သည်။



ဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်နှင့် တာဝန်ရှိသူများက မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်မူကြို ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းမွန်မွန်ဝင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ကာ လိုအပ်သည်များ မှာကြားသည်။ ထို့နောက် အသင်းပိုင်မူကြိုအတွက် ငွေကျပ်ငါးသိန်း ပေးအပ်ပြီး မူကြို ကလေးငယ်များအား ပဲနို့နှင့် မုန့်များ ဝေငှခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏**



## လပွတ္တာမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**လပွတ္တာ ဩဂုတ် ၂၇**
လပွတ္တာမြို့နယ် ဥပဒေရုံးနှင့် အမှတ်(၇) ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို လပွတ္တာမြို့ အမှတ်(၇)ရပ်ကွက်ရှိ သရက်တောဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့က ဖွင့်လှစ်ရာ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းမှ သင်တန်းဆင်း အုပ်ချုပ်ရေးမှူး ဦးစိုးသူရက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေနှင့် မူးယစ်ဆေးဝါးဥပဒေအကြောင်းအရာများကို ပို့ချပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်ထက်ထက်ဇော်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုးရာသီ ဆီထွက်သီးနှံ ပဲပုပ်စိုက်ပျိုးပွဲ ကျင်းပ

**ပြည် ဩဂုတ် ၂၇**
၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီဆီထွက်သီးနှံ ပဲပုပ်စိုက်ပျိုးပွဲကို ယမန်နေ့က ပြည်မြို့နယ် ထမ္မကောက်အုပ်စု ကွင်းအမှတ် (၄၀၁) တောင်သူ ဦးအောင်ကိုဝင်း၏ ယာမြေသုံးဧက၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ဒုတိယဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ ခရိုင်ဦးစီးမှူး ဦးအောင်စိုးမိုးနှင့် ခရိုင်နှင့်မြို့နယ် တာဝန်ရှိသူများက စိုက်ပျိုးရေး၏ အဓိကသော့ချက်ဖြစ်သော မျိုး၊ မြေ၊ ရေ၊ နည်း စသည့် အချက်များကိုအခြေခံ၍ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ မြေဩဇာ အချိန်ကိုက် အချိုးကျသုံးစွဲရေး၊ ရေကို စနစ်တကျ စီမံစေရေး၊ နည်းစနစ်မှန်ကန်စေရေး၊ အထွက်နှုန်းတိုးတက်စေရေးတို့ကို ပြောကြားပြီး စိုက်ပျိုးပညာရှင်များနှင့် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပခုက္ကူမြို့၌ ငှက်ပျောပင်များ စုပေါင်းစိုက်ပျိုး

**ပခုက္ကူ ဩဂုတ် ၂၇**
ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ယမန်နေ့က ကျောင်းသား ကျောင်းသူများအား အာဟာရဖြည့်စွက်စာ ကျွေးမွေးနိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဦး၊ ပခုက္ကူတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများက ငှက်ပျောပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**






## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၈)၊ ဦးပိုင်အမှတ် (၄၄)၊ ၅၁ x ၅၂ကြား၊ ၁၁၂ x ၁၁၃လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ရွှေစင် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၁၁၉၂/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးပေါလွန်း (ခ)အောင်လင်း ၉/မရမ(နိုင်)၀၃၇၄၆၇က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၉၆၆/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အ.ထ.က-မယ်ဇလီကန် Grade-11(B) ၌ ပညာသင်ယူနေသော မယမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးကံထွန်း ၉/သစန(နိုင်)၁၄၃၀၄၆ ဖြစ်ပါကြောင်း။ **ဦးကံထွန်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အ.ထ.က(၃) Grade-12 မှ မောင်သက်ဇော်နှင့် အ.လ.က(ခွဲ)(ခင်လူး) Grade-7မှ မထွေးထွေးငယ် တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်လွင် ၉/မထလ(နိုင်)၂၄၆၆၀၇ ဖြစ်ပါကြောင်း။ **ဦးမောင်လွင်**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ဝေဇယန္တာ(၁၈)လမ်း / အရှေ့၊ မြေကွက်အမှတ် (၈၀၄ / က)၊ မြေပေအကျယ်ပေ (၂၀x၆၀)ရှိ ဦးသန်းရွှေ အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အား အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်း၍မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့်လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသူ ဦးသန်းရွှေ (AB-၀၅၄၃၁၁)(၁၂/သကတ(နိုင်)၀၀၆၂၉၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူများက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါအိမ်ခြံမြေကွက်နှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ခေတ္တရာမြို့သစ်ရပ်ကွက်၊ အနောက်မြို့ပတ်(၆)လမ်း၊ ဧရိယာ(၀.၀၂၇၅)ဧက၊ အလျား(၂၀)ပေxအနံ(၆၀)ပေ အကျယ်အဝန်းရှိ ခြံမြေကွက်အား လက်ရှိ ပိုင်ဆိုင် အကျိုးခံစားလျှက်ရှိသော ဦးခင်ဇော်ဦး (ဘ)ဦးတင်မြ ၁၁/တကန(နိုင်)၀၆၄၀၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နန့်ယဉ်နှင်းစိုး( ဘ )ဦးဝင်းစိုး ၁၄/ကပန (နိုင်)၁၅၁၄၀၉ ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့တစ်ဝက်အား ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင် အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်နွယ်မြင့်(LL.B.) တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၃၆၈)**
**အမှတ်(၃၄၇) ၊ အနောက်နေကျော်တန်းလမ်း၊ ရွာဘဲနယ်မြေ၊ ပြည်မြို့ ။**
**ဖုန်း - ၀၉၉၆၂၂၃၇၃၇၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/87692, Kamax 125 CZJ M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်းအောင် ၉/ပသက(နိုင်) ၀၈၃၈၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/13256, Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသ ဦးအောင်မျိုး ၉/ခအဇ(နိုင်) ၀၂၄၃၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဖဖ-၆၊ ဦးပိုင်အမှတ် ၅၁၊ ၄၈x၄၉ ကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သန်းနွဲ့ ၉/တသန(နိုင်)၀၁၄၁၁၀က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ရွှေတောင်ရပ်ကွက်၊ အိမ်အမှတ် (ရွှေ/၇၈)၊ ဦးပိုင်အမှတ် (၈၈)၊ မြေကွက်အမှတ် (၅၇)၊ အကျယ်အဝန်း (၇၃ပေxပေ၇၀)ရှိ ဧရိယာ (၀ဒသမ၁၇၄) ဧက၊ ဦးဆရာပြီး (ကွယ်လွန်) အမည်ပေါက် နှစ်(၃၀)ဂရန် (သက်တမ်းလွန်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဆရာပြီး (ကွယ်လွန်) ၎င်း၏သားအငယ်ဆုံး ကိုယ်စားလှယ်ရောင်းချပိုင်ခွင့်ရှိသူ ဦးနီငယ် (၂/လကန(နိုင်) ၀၀၉၁၄၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေရီဖော ၂/ဒမဆ(နိုင်)၀၄၄၄၆၉ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်စုမွန် (LLB) (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၄၈၀၀)**
**ဖုန်း-၀၉-၄၂၈၀၀၆၄၂၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃)၊ ဆရာစံလမ်း၊ မြေကွက်အမှတ်(၄၂၉)၊ ဧရိယာ(ပေ၄၀ x ပေ ၆၀ )ရှိ ဒေါ်ခင်ဝေ(ISN - ၃၂၄၆၅၃)အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်အနက်မှ တရားဝင် ခွဲစိတ်ခြင်းမပြုရသေးသော (ခြေရင်းဘက်အခြမ်း၊ မြေကွက်အမှတ် ၄၂၈ နှင့် ကပ်လျက်တည်ရှိသော) ဧရိယာ (ပေ၂၀xပေ၆၀)ရှိပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်ခင်ဝေ(ISN - ၃၂၄၆၅၃) ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ပိုပိုသိန်း(၉/ခအဇ(နိုင်) ၀၁၂၂၀၉)က အရောင်းအဝယ် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်ရက်မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍(၁၄)ရက်ပြည့် မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်ပိုင်ကို (LL.B)** — **ဦးမင်းခန့်ကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၆၂)** — **အထက်တန်းရှေ့နေ (စဉ်-၅၅၈၁၉)**
**အမှတ် (၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ ၁၇-ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၄၆၀၈၅၉၄၊ ၀၉-၄၀၄၀၈၀၄၃၉**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/8937 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/62426, Honda C-90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းနီနီမြင့် ၁၃/ကမန(နိုင်) ၀၀၅၀၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေး ရရှိထားသော မြေအမည်ပြောင်းလျှောက်ထားခြင်း ကြေညာစာ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ရွှေကူရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၅ / ရွှေကူ)၊ ဦးပိုင်အမှတ်(၃၂၁ က)၊ ဧရိယာ(၀.၀၁၉)ဧကကို ဘိုးဘပိုင် အမည်ပြောင်းပေးရန် ဦးထွန်းလွင်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန ၊ ပြည်မြို့။**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/4625 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/9242 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/6482 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေ Glaxya A-1 ကိုယ်ပိုင်အထက်တန်းကျောင်း (Grade-9) တွင် ပညာသင်ကြားနေသော မောင်အောင်မိုးစန်း၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ဦး ၉/မကန(နိုင်)၁၅၈၃၉၉) ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်ဦး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၈-၂၀၂၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂) က.ည.န မန္တလေးရုံး(မြောက်ပိုင်း)၏ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် (92W/23647) အစား (22W/23647) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/7189 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/3479, Mitsubishi Minicab AZK Up (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွေး ၁၂/သဃက(နိုင်)၀၇၇၆၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

